mgyoe.com



# ရှက်

## ကွမ်းခြံကုန်း

တောပြော တောင်ပြော

mgyoe.com

mgyoe.com



ရက်
ကွမ်းခြံကုန်း

တောပြော တောင်ပြော



mtc0010

2800.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးကျော်ကျော်ဝေ၊ ရွက်စိမ်းစာပေ၊ (၀၀၄၇)၊ လမ်းမတော်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဝန်ဦး။ SKCC PRESS (၀၀၄၁၃)၊ မဟိုဆိုင်လမ်း။ ရန်ကင်း။
၂၀၁၇၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
ရောင်းဈေး ၂၈၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | က |
| ၁။ | ပြောမကုန် ဟောမကုန် တောရဂုံ | ၂ |
| ၂။ | မျက်တွင်းဟောက်ပက် တောမြိုင်ကြီးထဲမှာ | ၈ |
| ၃။ | ကျေးရူးရှင် ဘုစုခရုကလေးများ | ၁၄ |
| ၄။ | ငွေသားကတော့ တစ်ပြားမှ မယူပေါင် | ၂၀ |
| ၅။ | စုံနံ့သာမြိုင်မှာ အောင်စာရင်းထွက်ပြီးတဲ့အခါ | ၂၆ |
| ၆။ | တစ်နှစ်သုံး တိရစ္ဆာန်တွေ ပြုံးပါ | ၃၂ |
| ၇။ | တိရစ္ဆာန်ချင်း တူလို့လား | ၃၈ |
| ၈။ | စုံနံ့သာမြိုင်၌ မော်တော်ကားစီးခြင်း | ၄၄ |
| ၉။ | အိပ်မက်ကိုယ်စီ မက်ကြသည် | ၅၀ |
| ၁၀။ | တိရစ္ဆာန်များက တင်ဆက်ကြပါသည် | ၅၆ |
| ၁၁။ | တိရစ္ဆာန်ဒေးလီး စာမျက်နှာများ | ၆၂ |
| ၁၂။ | ခေတ္တခဏတောမြိုင်ကြီးထဲမှာ | ၆၈ |
| ၁၃။ | မဆောက်ခင်မှာ အရင်ဖျက်ကြပါစို့ | ၇၄ |
| ၁၄။ | တောထဲက အလွယ်၊ အခက်လမ်းများ | ၇၉ |
| ၁၅။ | တောအကြောင်းကို ဘယ်ကောင်တွေ စာလုံးပေါင်းပါလိမ့် | ၈၆ |
| ၁၆။ | ခြတွေက အကုန်စားလို့လား | ၉၂ |


mgyoe.com

mgyoe.com


၁၇။ အန်ဆေ့ဖ် (Unsafe) ဆိုရင် ပြန်ကွေ့ခဲ့ကြ ၉၈

၁၈။ တစ်ကောင်တစ်မြီးကိုမှ ယောင်ပြီး မစော်ကားနဲ့ ၁၀၄

၁၉။ မလွယ်ပါ အမောတွေနဲ့ ကယ်ပါတော ၁၁၀

၂၀။ တောထဲက ရိုက်ချက်များ ၁၁၆

၂၁။ ဒေါင်းတရားတွေကြောင့် ပြောင်းသွားမှာစိုး ၁၂၂

၂၂။ ဂျန်းဂဲလ် (Jungle)မှာ ဝမ်းနည်းကြပုံတွေက ၁၃၀

၂၃။ တောလမ်းပေါ်က အမှိုက် ၁၃၆

၂၄။ တို့ကောင်တွေ စုံကြရဲ့လား ၁၄၂

၂၅။ စုံနံ့သာမြိုင်မှာ စပွန်ဆာပေးခြင်း ၁၄၈

၂၆။ ရှေ့တော်မှောက် အရောက်လာစေ ဂနိုင့်ကျက်သရေ ၁၅၄

၂၇။ ရမ္မက်တထောင်းထောင်းနဲ့ အကွက်ချောင်းနေတဲ့တော ၁၆၀

၂၈။ ဟိုအကောင် ဒီလာ၊ ဒီအကောင် ဟိုသွား ၁၆၆

၂၉။ မနေ့က သတ္တဝါကြီးတွေရဲ့ခြေရာ ၁၇၂

၃၀။ တိရစ္ဆာန်တွေနဲ့ ခြံစည်းရိုးများ ၁၇၈

၃၁။ တိရစ္ဆာန်တို့ထံမှ ရရန်အကြွေးများ ၁၈၄

၃၂။ အွန်လိုင်းပေါ်က မာန်ဖီတဲ့ပွဲများ ၁၉၀

၃၃။ တောလပ်ဖ် (Love)ကဖြင့် ပြောစမှတ် ၁၉၈

၃၄။ ပြောမနိုင် ဟောမနိုင် တောဂနိုင် ၂၀၄

၃၅။ သင်တန်းစုံလင်တဲ့ ခင်တန်းရဂုံတစ်ခွင် ၂၁၀

၃၆။ ကမောက်ကမသဘောတွေနဲ့ နောက်ကျတဲ့ တော ၂၁၆

၃၇။ စုံနံ့သာမြိုင်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ ၂၂၂




mgyoe.com

mgyoe.com

အမှာစာ

(တစ်)

ဩကာသ အစချီ၍ ဘုရားရှိခိုးကြသည့်အခါ အပြီးသတ်ဆုတောင်း၌ အပါယ်လေးပါးသို့ မကျရောက်လိုပါကြောင်း ကျွန်တော်တို့ ထည့်သွင်းဆုတောင်းကြလေ့ ရှိပါသည်။

ငရဲ... တဲ့။

တိရစ္ဆာန်... တဲ့။

ပြိတ္တာ... တဲ့။

အသူရကာယ်... တဲ့။

ကျွန်တော်တို့ တိရစ္ဆာန်မဖြစ်လိုကြပါ။ တိရစ္ဆာန်ဆန်သည့် လူအဖြစ်လည်း မရရှိလိုကြပါ။

(နှစ်)

နိမ့်ကျသည့် လူသားတို့၏ဘဝများကို ပုံဆောင်ကာ...

တောပါးစပ် (၂၀၁၄)

တောစန္ဒရား (၂၀၁၄)

mgyoe.com

mgyoe.com



တောကြီးထဲမှာကတော့ ဆောရီးပဲ (၂၀၁၅)
ပြောစမှတ်ဆန်းတဲ့ တောဇာတ်လမ်း (၂၀၁၆)
စသည်ဖြင့် သရော်စာများ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ 7 Day Daily သတင်းစာထဲ၌ တနင်္ဂနွေနေ့တိုင်း ရေးဖြစ်ခဲ့သည့် စာများပဲ ဖြစ်ပါသည်။

(သုံး)

ယခု...


တောပြောတောင်ပြော (၂၀၁၇) ကို ဆက်လက်၍ တင်ဆက်လိုက်ပါသည်။ ရယ်ကြမောကြပြီးသည့် သကာလ ပို၍ မို၍ လူဆန်သောဘဝများဆီသို့ ရောက်ရှိကြပါစေကြောင်း ဆုတောင်းခြင်းဖြင့်သာ....။

ချက်ကွမ်းခြံကုန်း
ရန်ကုန်မြို့။

❐

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ပြောမကုန် ဟောမကုန် တောရဂုံ

## (တစ်)

ရက်မခြားပါဘူးဗျာ။ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုကြီးပါ။ တိရစ္ဆာန်သတင်းစာရဲ့ မျက်နှာဖုံးမှာ ရောမစာတပ်ပုံကြီးနဲ့ ဘာနဲ့ဆိုသလို ထိပ်တန်းသတင်းတစ်ပုဒ်အဖြစ်နဲ့ ဖော်ပြလိုက်ပြီးတဲ့ သကာလ အဲသည် တိရစ္ဆာန်သုံးကောင် လူ့ရွာထဲ ရောက်လာတာဟာ ဆက်တိုက်ကြီးဆိုသလိုပါ။ အလွန့်အလွန်ဆုံး ခြားလှတစ်ရက်ပေါ့။ နှစ်ရက်ပေါ့။ သည့်ထက်မပိုပါဘူး။

သတင်းက ပညာတော်သင် သတင်းခင်ဗျ။ စုံနံ့သာမြိုင်တော်ထဲက လက်ရွေးစင် တိရစ္ဆာန်သုံးကောင်ကို လူ့ရွာထဲကို လွှတ်ပြီး ပညာဆည်းပူးခိုင်းတဲ့ သတင်း။ မျောက်တစ်ကောင်ရယ်၊ ယုန်တစ်ကောင်ရယ်၊ သာလိကာကြီးတစ်ကောင်ရယ်။ ဥရောပ ထန်းခေါက်ဖာတွေ ဘာတွေဆွဲလို့။ နေကာမျက်မှန်အမည်းကြီးတွေ ကိုယ်စီတပ်လို့။ ဘောင်းဘီရှည်တွေ ဘာတွေနဲ့။ လည်စည်းတွေ ဘာတွေနဲ့။ အိုင်တီသင်တန်းဆိုလား ဘာဆိုလား။

အိုင်တီဆိုတာ အင်ဖော်မေးရှင်းတက်ကနော်လော်ဂျီပေါ့။ Information Technology ဆိုတာကိုပြောတာနေမှာပေါ့။ သတင်းနည်းပညာပဲဖြစ်မှာပေါ့။

mgyoe.com

mgyoe.com


တိရစ္ဆာန်လောက ဖွံ့ဖြိုးဖို့ရာအတွက် အိုင်တီနယ်ပယ်ကြီးမြင့်တက်စေရေးအလို့ငှာ တိရစ္ဆာန်ထုကို ကိုယ်စားပြုပြီးတဲ့သကာလ အနီသတ္တဝါသုံးကောင်ကို လူ့ရပ်လူ့ရွာဆီ ပညာတော်သင် စေလွှတ်လိုက်တဲ့အကြောင်း၊ တိရစ္ဆာန်ဒေးလီးသတင်းစာ မျက်နှာဖုံးမှာ ဖော်ပြလိုက်ပြီးတဲ့နောက် လူ့ရွာထဲသင်းတို့ရောက်လာကြတဲ့အခါ ဂျက်ကပဲ သွားပြီးတွေ့လိုက်တာပေါ့။

"ကျုပ်တို့က ဖုန်းအထူးပြုပညာတော်သင် လာတာဗျ...။ သင်တန်းကာလက နှစ်ရက်ပါ..."

ဟောဗျ။ တိရစ္ဆာန်ကမ္ဘာကနေ လူ့ကမ္ဘာရှိရာဆီ ခြံစည်းရိုးတွေဘာတွေကို ကျော်ခွခုန်လွှားပြီးတဲ့သကာလ ခက်ခက်ခဲခဲနှင့် အရောက်လာပြီးတော့မှ ပညာတော်သင်ရောက်လာရတဲ့ ဥစ္စာကို နှစ်ရက်မျှသာဆိုပြန်တော့။

"ဆော့ဖ်ဝဲ (Software) တွေ ရေးတာသွင်းတာ၊ အက်ပလီကေးရှင်း (Application)တွေ သုံးတာ၊ နက်ဝေါ့ခ် (Network)တွေ ချိတ်ဆက်တာ၊ ဟာ့ဒ်ဝဲ (Hardware) တွေ တပ်ဆင်ပြုပြင်တာ ဆိုတာမျိုးတွေကို လာသင်တယ်လို့ ထင်တာကြောင့် အနီပညာတော်သင် သုံးကောင်ကို နှစ်ရက်တည်းနဲ့ ဘယ်နှာသို့သင်ကြားပါအံ့ လတ္တံ့လို့ဆိုပြီး ဂျက်မျက်နှာကြီးကအံ့အားသရဲပုံစံကြီးဖြစ်နေခဲ့တယ် ထင်ပါရဲ့။ ပညာတော်သင်ခေါင်းဆောင်လီဒါမျောက်က မမေးဘဲနဲ့ ဝင်ဖြေပါတယ်။

"ကိုယ်တို့က Conversation on Phone ကို လာသင်တာ...။ တယ်လီဖုန်းစကားပြော" တဲ့။

ဩော်... နည်းပညာခေတ်ကြီးထဲမှာ အရှိန်အဟုန်နဲ့ဆိုသလို ရှေ့ကိုအတင်းရောက်နေတဲ့ လူသားတို့ရဲ့ အသီးအပွင့်ကလေးတွေဟာ လူ့ရွာကိုကျော်ပြီးတဲ့ သကာလ တိရစ္ဆာန်လောကကိုပါ ရောက်ရှိသွားခဲ့တာကြောင့် စုံနံ့သာမြိုင် တစ်တောလုံး လက်ကိုင်ဖုန်းကိုယ်စီနဲ့ဖြစ်နေတဲ့ကာလကြီးထဲမှာ လူလိုသူလို စကားပြောတတ်ဖို့ရာအတွက် တိရစ္ဆာန်လောကသားတို့ကို ဖောက်သည်ချလမ်းညွှန်ပေးနိုင်ဖို့အလို့ငှာ တောကို ကိုယ်စားပြုလို့ ပညာတော်သင် ရောက်လာခဲ့ကြတာပါတဲ့။

ဖုန်းကို ကိုင်ပြီးတဲ့အခါ စကားကို ဘယ့်နှယ်ပြောပါဆိုတာကို လူတွေဆီ ပညာတော်သင်လွှတ်ရတဲ့ဘဝ။ ဆန်းလိုက်တဲ့ တိရစ္ဆာန်လောက။

mgyoe.com

mgyoe.com


## (နှစ်)

လူတစ်ယောက် လက်နှိပ်စက်ရိုက်နေတာကို မြင်သွားတဲ့ မျောက်တစ်ကောင်ကို လက်နှိပ်စက်တစ်လုံးနဲ့ ထားပစ်ခဲ့တဲ့အခါ လူကို တုပပြီး လျှောက်တော့ ရိုက်နေပါရဲ့။ စာလုံးတွေကလည်း တွေ့ကရာ ရှစ်သောင်းစာရွက်ပေါ်လျှောက်ထင်ကုန်ပါရဲ့။ အနှီသော် ဘာမှတော့ အဓိပ္ပာယ်မရှိလေဘူးပေါ့။

သို့ကလိုပါပဲ။ လူတွေ တယ်လီဖုန်းကိုင်တယ်ဆိုလို့ လိုက်ကိုင်၊ လူတွေက ဟယ်လိုဆိုလို့ လိုက်ဟယ်လိုပေမယ့်လည်း ဖုန်းယဉ်ကျေးမှု မသိတဲ့ တိရစ္ဆာန်တွေ ဖုန်းလိုက်ကိုင်တဲ့အခါ တောထဲမှာ အကုန်ခွကျကုန်တော့တာပါပဲ။

တစ်ရက်မှာ ဒရယ်ကလေးတစ်ကောင်ဆီ ဖုန်းဝင်လာပါတယ်။ ဖုန်းနံပါတ်က သူနဲ့စိမ်းတဲ့ ဖုန်းနံပါတ်ပါ။ ဒါကြောင့် ဆက်တဲ့တိရစ္ဆာန်ရဲ့ နာမည်ပေါ်မနေပါဘူး။ ဒါကြောင့် ဒရယ်က "ဘယ်သူလဲဟေ့။ ငါပါကွ... ပြောဘာကိစ္စလဲဆိုတော့ ငါပါကွ... မစ္စတာ ဒရယ်လေကွာ" ဆိုပြီး လုပ်ထည့်လိုက်ပါလေရော။

အဲသမှာ တစ်ဖက်က ဝေါင်းဝေါင်းဝေါင်းလို့ဆိုကာ လုပ်ထည့်လိုက်တော့မှ ကိုယ့်ဆီဆက်နေတာ ကျားမှန်းသိပြီး ကြောက်ဒူးတုန်သွားခဲ့တော့တာ။

ဖုန်းပြောတဲ့အခါ တစ်ဖက်က ဘယ်သူဘယ်ဝါမှန်း မသိသေးတဲ့ အချိန်မှာ ကိုယ်က နိဝါတတရားနဲ့ နှိမ့်ချပြီးပြောရတယ်ဆိုတာကို လူတွေကတော့ သိပြီးသားပါ။ တိရစ္ဆာန်တွေကသာ ဖုန်းတွေကိုင်ထားပြီး ပြောချင်ရာ စွတ်ပြောချနေတာ။

ပြောဦးမယ်။ တစ်ခါသားတုန်းကကျတော့ ဖုန်းဝင်လာတာကြောင့် ဆင်အိုကြီးတစ်ကောင်က ဖုန်းကို ကိုင်လိုက်ပါလေရော။ အဲသမှာ စပြီးဝင်လာတဲ့အသံက...။

"ဟေ့ကောင် ခွေးသား... ဘာလုပ်နေတုံး" တဲ့။

ဘယ်သူလဲဗျာ။ ဘယ်သူ့ဆီကို ဆက်နေသလဲဗျာနဲ့ ဆင်အိုကြီးက

mgyoe.com

mgyoe.com


ပြန်မေးရှာပါတယ်။

"အောင်မယ်... မအေပေးက မင်းငါ့ မသိဘူးလား... ငါ့အသံ မမှတ်မိဘူးလား... ဟင်... နှမပေး..." တဲ့။

ကြည့်ပါဦး။ သူ့အသံကို တိရစ္ဆာန်တိုင်းက သိနေရမယ်ဆိုတဲ့ အပေါက်။

လူ့လောကမှာ ဖုန်းစပြီးခေါ်တဲ့အခါ ဟယ်လို ကျွန်တော်က ဘယ်သူပါခင်ဗျာ။ ဘယ်သူနဲ့ စကားပြောချင်လို့ပါခင်ဗျာဆိုတာမျိုး ဖုန်းယဉ်ကျေးမှုရှိတယ် မဟုတ်လားဗျာရယ်။ တိရစ္ဆာန်တွေက ဖုန်းသာကိုင်ထားတယ်။ ၎င်းအရာကို မသိဘူး ထင်ပါရဲ့။

နေဦး။ တောထဲမှာ Miss Call ကို တွေ့တဲ့ နွားကြီးဟာ အဲသည့်နံပါတ်ကိုပြန်ခေါ်ပြီး ဘာကိစ္စရှိလို့ပါလဲခင်ဗျာ Miss Call တွေ့လို့ပါ ဆိုတဲ့ သဘောနဲ့ ဆက်သဗျ။

"ဘာ... ဘယ်သူက ခေါ်ထားလို့တုံး။ အစိပ္ပာယ်မရှိ... ကြောင်မနေနဲ့" ဆိုလား။ အဲဒါတုံ့ပြန်တဲ့စကားပါ။

ယဉ်ကျေးတဲ့ လူတွေဟာ Miss Call တွေ့ရင် ပြန်ခေါ်ကြစမြဲလေ။ ကိုယ့်ဆီကို ဝင်ထားတာကိုး။ ဘယ်သူပဲ့ပါလိမ့်။ ဘာကိစ္စများရှိနေပါလိမ့်။ ဘာများပြောချင်ပါလိမ့်။ ပြန်မေးကြစမြဲပေါ့။ အလေးအနက်ထားတဲ့ သဘောပေါ့။ တစ်ဖက်ကလည်း ရှိရင်ရှိတယ်ပေါ့။ မှားခေါ်ထားမိခဲ့ရင်လည်း မှားနှိပ်မိလို့ တောင်းပန်ပါတယ်ပေါ့။ အခုတော့...။

တစ်ခါလည်း မျောက်ကလေးက နွယ်ကြိုးကိုခိုပြီး တက်နေတုန်း ဖုန်းဝင်လာတာ။ ငါပြောမယ် လိုက်ရေးမှတ်စမ်း။ အခုချက်ချင်းတဲ့။ မျောက်ခမျာ နွယ်ကြိုးကို လွှတ်လိုက်ရနိုး၊ ဖုန်းကို ကိုင်လိုက်ရနိုး။

လူ့ရွာထဲမှာ ယဉ်ကျေးတဲ့လူတွေဟာ ဖုန်းပြောလို့ အားပါသလား ခင်ဗျာ။ မအားရင်ပြီးမှ ပြန်ခေါ်ပါ့မယ် ခင်ဗျာဆိုတာမျိုးတွေနဲ့ ကူးလူးဆက်ဆံနေကြတာပါ။

တိရစ္ဆာန်နှစ်ကောင် ဖုန်းပြောနေပုံကလေးက စာပန်းချီရေးပြချင်ပါသေးရဲ့။

တောဝက်တစ်ကောင်က ကိုယ်လုံးကို သစ်ငုတ်တိုနဲ့ ပွတ်နေရင်းကနေ

mgyoe.com

လှမ်းမေးပါတယ်။ ဖုန်းကလေးနဲ့။

"ဟယ်လို... သူငယ်ချင်းဘာလုပ်နေသလဲ" တဲ့။

ရွှံ့အိုင်ထဲမှာ လူးနေတဲ့ ကျွဲကလည်း ဖုန်းကလေးနဲ့ ပြန်ဖြေပါတယ်။

"ဘာမှမလုပ်ဘူး သူငယ်ချင်း" တဲ့။

တောဝက်က...

"အေး... ကိုယ်လည်း ဘာမှ မလုပ်ဘူး သူငယ်ချင်း" တဲ့။

လူတွေက ပြောစရာရှိမှ ပြောကြတာ။ တိရစ္ဆာန်တွေက ပြောစရာ ဖြစ်အောင် ပြောကြတာ။

## (သုံး)

ဟော... အခု တိရစ္ဆာန်သုံးကောင် ပညာတော်သင်လွှတ်လိုက်တာ ဂျက်ဝမ်းသာတယ်။ ဖုန်းကိုယ်စီကိုင်ပြီး ဖုန်းပြောနည်းမသိသေးတဲ့ စုန့်သာမြိုင်ကို ပြန်ပြီး ပညာပေးဖို့တဲ့။ လူတွေ ယဉ်ယဉ်ကျေးကျေးနဲ့ ပြောဆိုဆက်ဆံနေကြပုံတွေကို သင်တန်းအမြန်လာတက်တာတဲ့။

ခလုတ်တွေကို လျှောက်ပြီး နှိပ်တတ်နေရုံနဲ့ တိရစ္ဆာန်တွေဟာ လူ ဖြစ်မသွားနိုင်ဘူးလေ။

□

mgyoe.com

mgyoe.com

# မျက်တွင်း
# ဟောက်ပက်
# တောမြိုင်ကြီးထဲမှာ



mgyoe.com

mgyoe.com

## မျက်တွင်းဟောက်ပက် တောမြိုင်ကြီးထဲမှာ

### (တစ်)

ဟိုး လွန်လေပြီးသော နှစ်ပရိစ္ဆေဒ ဝေးကွာလှသော အတိတ်ကာလများတုန်းဆီက စုံနံ့သာမြိုင်ဆိုတဲ့ တောကြီးထဲကို ဝင်သွားတဲ့အခါအချိန်ကလေးပေးပြီး တောထဲမှာ အလည်အပတ်နေရင်းက တစ်ညနှစ်ညမှသည် တစ်လနှစ်လအထိ နေမယ်လို့ စိတ်ကူးဝင်လာတာနဲ့ နောက်ဆက်တွဲ ဆက်ပါလာတဲ့ ပြဿနာက အဘယ်မှာနားလို့ အဘယ်မှာ အိပ်မလဲဆိုတဲ့ ပြဿနာပါပဲ။

"ခက်ပါ့ဆရာကြီး ဂျက်ရယ်။ သစ်ပင်သစ်ခေါင်း အောင်းတဲ့အကောင်က အောင်း၊ သစ်ရိပ်ဝါးရိပ် ကောင်းကောင်းမှာ မှေးမှိတ်တဲ့အကောင်က မှေးမှိတ်... ရေထဲဆင်းပြီး စိမ်တဲ့အကောင်က စိမ်။ တိရစ္ဆာန်ဘာသာဘာဝသည်လိုပဲ နေခဲ့ကြတဲ့ ဥစ္စာ၊ ထိုနည်းလည်းကောင်း ဆိုသလို တိရစ္ဆာန်အပေါင်းကဲ့သို့ပဲ သင့်ရာတော်ရာမှာ နားကြနေကြပေါ့ဗျာ ဟုတ်ဘူးလား"

ဖွတ်ကြီးက အဲသည်လိုပြောတော့ ဂျက်က တော်တော့ကိုပဲ ပြန်ရှင်းပြရပါတယ်။ လူတွေဟာ တစ်ရပ်တစ်ရွာကို သွားကြတဲ့အခါ တိရစ္ဆာန်တွေနဲ့ မတူညီတဲ့အကြောင်း၊ တစ်အိမ်အိမ်မှာသွားပြီး တည်းခိုခဲ့ရင် ဧည့်သည်ရောအိမ်ရှင်ပါ မလွတ်မလပ်ကြီးတွေ ဖြစ်တတ်ကြတာမို့ အခကြေးငွေပေးပြီး နားခိုရတဲ့နေရာကလေးတွေကို ဖန်တီးထားကြတဲ့အကြောင်း၊ လော့ဂျင်

mgyoe.com

mgyoe.com


(lodging) တို့၊ အင်း (inn)တို့၊ မိုတယ် (motel)တို့၊ ဟိုတယ် (hotel) တို့ အမျိုးမျိုးရှိတဲ့အကြောင်း သိထားသမျှ လျှောက်ပြီးတော့ ပြောပြမိပါရဲ့။

"လော့ဂျင်ဆိုတာကတော့ အိပ်ရုံသက်သက်ပေါ့လေ။ အင်း ကျတော့ စားစရာသောက်စရာပါရသပေါ့။ မိုတယ်တို့၊ ဟိုတယ်တို့ကတော့ နည်းနည်း မြင့်သွားပြီ။ တစ်ရပ်တစ်ရွာသွားတဲ့အခါ လူတွေဟာ သို့ကလို တည်းခို မှေးစက်ကြကြောင်းပါ"

ဖွတ်ကျားက သစ်ပင်ပေါ်ကနေ ဇောက်ထိုးကြီးကြည့်ကာ ဂျက်စကား ကို နားလည်သွားတဲ့ပုံ ပေါ်ပါတယ်။ ဖွတ်ကျားမှ မဟုတ်ပါဘူးလေ။ အပြန် အလှန်စကားပြောနေတုန်းမှာ အဲသည်အနားကို ရောက်လာကြတဲ့ ထိုထို ဤဤသော တိရစ္ဆာန်အပေါင်းကလည်း အိုင်ဆီးအိုင်ဆီး (I see) ဆိုတဲ့ စတိုင် အသီးသီးနဲ့ပေါ့။

တောထဲကို အလည်အပတ်ရောက်ရောက်လာကြတဲ့ လူတွေဟာ ဟို သစ်ပင်အရိပ်မှာ တစ်မှေးမှိတ်ရလေနိုး၊ သည် ကျောက်ဂူအဝမှာ ခရီးဆောင် အိတ်ကို ချရလေနိုးနဲ့ ဣန္ဒြေမရတဲ့ ယင်းငှင်းနှစ်တွေကို ကျော်လွန်သွားပြီး တဲ့ သကာလ လူတွေနဲ့ အကူးအလူးအဆက်အဆံ များလာတဲ့အခါ တော ဟာ ရတ်ခြည်းဆိုသလို နားခိုမှေးစက်စရာတွေနဲ့ ပြည့်နှက်သွားလိုက်တာ များ။

## (နှစ်)

ဟုတ်ပ။

စုံနံ့သာမြိုင်ဆိုတဲ့ တိရစ္ဆာန်တို့ရဲ့ ကမ္ဘာကြီးဟာဖြင့် တစ်ဖက်လူသားကို အသက်ရှုမှားမတတ်ပြောင်းလဲသွားလိုက်တာ။ ဘယ်နေရာကို ကြည့်လိုက် ကြည့်လိုက် အင်း (inn) တွေ၊ မိုတယ် (motel) တွေ၊ ဟိုတယ် (hotel) တွေ။

တိရစ္ဆာန်ကလေးတွေ ဝင်ကြထွက်ကြရှိနေပုံကဖြင့် အမြဲမပြတ် တရစပ်ကြီးဆိုသလို ဖြစ်နေခဲ့တာမို့ စည်ပင်ဝေဆာလွန်းတဲ့ မဟာ့မဟာ တောကြီးရာဇာလို့တောင် ဆိုရမတတ်ပါ။

mgyoe.com

mgyoe.com


အဲသဟာနဲ့ တစ်နေ့တော့ ဂျက်လည်း စုံနံ့သာမြိုင်တောထဲကို အလည်သွားရင်းက ညနေကလေးကလည်း ညိုအစ်ကိုသာမက ညိုအစ်မတွေ ပါ မသိတသိဖြစ်လာခဲ့တာမို့ လူ့ရွာဘက်ကမ်းဆီ မပြန်တော့ဘဲ တောထဲမှာ တည်းဖူးခိုဖူးတယ်ရှိအောင်လို့ဆိုကာ တိရစ္ဆာန်ဟိုတယ်တစ်လုံးရှိရာဆီကို ဝင်လိုက်မိခဲ့ပါရောလို့ ဆိုပါတော့။

## (သုံး)

တောမို့ထင်ပါရဲ့။ ဈေးက သက်သာလိုက်တာ။ အသပြာငွေ ငါး ထောင်ကျပ်တဲ့။

အခန်းထဲဝင်ကာ ခုတင်ပေါ်တက်ပြီး ပက်လက်ကလေးနဲ့ မှေးခနဲ အိပ်ပျော်သွားတာ နှစ်နာရီလောက်ပဲ ရှိမယ်ထင်ပါရဲ့။ တံခါးလာခေါက်လို့ ဖွင့်ကြည့်လိုက်တော့ ဟိုတယ်ဝန်ထမ်း မြည်းမကလေး။ အချိန်ပြည့်ပြီတဲ့။ အခန်းပြန်အပ်တော့တဲ့။

အိပ်ချင်မူးတူးနဲ့ အခန်းပြင်ထွက်ကာ ကောင်တာရှိရာ ဆီသွားမေး တော့ ထိုင်နေတဲ့ မြေခွေးက ဟုတ်တယ်လေတဲ့။ သည်ဟိုတယ်က အချိန် ပိုင်းပဲ ငှားတာတဲ့။ တစ်ရက်လုံး မငှားဘူးတဲ့။ ခင်ဗျားဆီက ယူထားတဲ့အခန်း ခက နှစ်နာရီစာပဲ ယူထားတာတဲ့။ ခက်ချေလေပြီ။ အိပ်လို့ ကောင်းနေတဲ့ အချိန်ကြီး။

"ဒါဆို နောက်နှစ်နာရီဆက်ငှားမယ်ဗျာ"

ဂျက်စကားကို ကောင်တာက မြေခွေးက ငြင်းပါတယ်။ မရပါဘူး ဗျာတဲ့။ ပြီးတော့ ဧည့်ခန်းထဲက နှစ်ကောင်စီ နှစ်ကောင်စီတွဲထားတဲ့ တိရစ္ဆာန် စုံတွဲအသီးသီးရှိ ရာဆီ မေးငေါ့ပြပါတယ်။ တောကြောင် အထီးအမ။ တော ခွေးအထီးအမ။ တောဝက် အထီးအမ။ ဝံပုလွေ အထီးအမ။ ဆိတ်ထီး ဆိတ်မ။ နွားထီး နွားမ။

"အခန်းတွေက booking ပြည့်နေတာ ခုနက နှစ်နာရီတောင် ကံကောင်းပြီး လွတ်နေလို့ရတာ"

ဂျက်က ဘာမျှားတတ်နိုင်ဦးမှာပါလိမ့်။ အထုပ်ကလေးဆွဲကာ နောက်

mgyoe.com

ထပ် ဟိုတယ်တစ်လုံးရှိရာ အရပ်ဆီ ခြေဦးတည်ခဲ့မိပါရဲ့။

ဟုတ်ကဲ့။ ထိုနည်းလည်းကောင်း ဟိုတယ်ပဲ ဖြစ်ပါသတဲ့။ နှစ်နာရီစာ ပဲ ရပါသတဲ့။ အခန်းအားလုံး booking ပြည့်နေပါသတဲ့။

ဓာတ်သွားကို တတ်အားသမျှ ချုံ့ရသည်ရှိသော် ယင်းငှင်းညက ဂျက်သည် နှစ်နာရီတစ်ခါ ဟိုတယ်တစ်လုံးပြီး တစ်လုံး ပြောင်းပြောင်းပြီး အိပ်ရသည်ဖြစ်ရာ၊ ငွေကုန်ရုံမျှမက အိပ်ရေးမဝသည်ဖြစ်ရာ နံနက်လင်းသော် မျက်တွင်းဟောက်ပက်ကြီးနှင့်ပါဟူလို။

## (လေး)

စုံနံ့သာမြိုင်ကနေ ပြန်လာကြတဲ့ တောပြန်လူသားတို့ ဆုံတဲ့အခါ စုံနံ့သာမြိုင်မှာ အိပ်ရေးမဝတဲ့အကြောင်း ညည်းကြပါတယ်။

"တိရစ္ဆာန်တွေက ဟိုတယ်ဖွင့်ပြီး ညအိပ်လက်မခံဘူးတဲ့ဗျာရယ်"

တောကြက်ဖကြီးတစ်ကောင်က အဲသည့် ညည်းသံကိုကြားတဲ့အခါ သူ့ဆီမှာ ကြက်အိပ်ကြက်နိုးသင်တန်းလာတက်ဖို့ ကမ်းလှမ်းပါတယ်။ ဆတ်ခနဲ အိပ် ဆတ်ခနဲ နိုး အမြန်တက်စေရမည်ဆိုလား။ တိရစ္ဆာန်ဟိုတယ်များ နဲ့ အံဝင်ခွင်ကျ ဖြစ်စေရမတဲ့။

ဩော်... ဂျက်တို့ကသာ ညည်းနေကြတာပါ။ တိရစ္ဆာန်တွေကဖြင့် ပျော်လို့။ အထီးနဲ့အမ သဘောတူမျှတဲ့အခါ ဟိုတယ်ရှိရာဆီ အချိန်ပိုင်းပြေး လိုက်ကြတာပါပဲ။ အပြေးဝင်။ အပြေးထွက်။

လူတွေကျတော့မှ သွားသွားပြီးခက်နေတာ။ ဘယ့်နှယ်။ တိရစ္ဆာန် ကမ္ဘာကို ကိုယ့်နေရာနဲ့ နှိုင်းရတယ်လို့။ ။

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ကျေးဇူးရှင် ဘုစုခရုကလေးများ

## (တစ်)

အနန္တော အနန္တဘယ်နှပါးရှိသတုံးဗျလို့ မေးလိုက်ရင် လူအများစုကြီးကတော့ ဒါလေးများဆိုတဲ့ မျက်နှာထားနဲ့ ငါးပါးလို့ဖြေမှာ အသေအချာပဲပေါ့။ ဟုတ်တယ်လေ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ။ အဲသဟာပဲ မဟုတ်လားဗျာရယ်။ အနို့သော် တစ်ခုပြော်လာနိုင်တာက ခင်ဗျားဥစ္စာ ဗုဒ္ဓဘာသာဝင်တွေအတွက် မဟုတ်လားဗျာဆိုတာမျိုးပေါ့။ ဟုတ်တော့ ဟုတ်သလိုလိုပဲထား လိုက်ပါတော့။ သို့လင့်ကစား မည်သည့်ဘာသာဝင်မဆို ဘုရားရယ်၊ ယင်း ဟောကြားသည့် တရားရယ်၊ ထိုတရားတို့ကို လက်ဆင့်ကမ်းသယ်ဆောင်သူ ဘာသာသာသနာဆိုင်ရာ ပုဂ္ဂိုလ်ရယ်၊ မိဘနှစ်ပါးရယ်၊ ဆရာရယ်တို့ဟာဖြင့် ကျေးဇူးရှင်များဆိုတာကတော့ ငြင်းမရဘူးလို့ ထင်မြင်ယူဆမိပါရဲ့။

ဟော... အခုကြည့်။ စုံနံ့သာ မြိုင်တောကြီးထဲက လုပ်ထည့်လိုက်ပုံ။ လူသားတွေထက် နှာတစ်ဖျားသာစေရမယ်လို့များ တိတ်တဆိတ်ကြွေးကြော်ထားလေရော့သလား မသိ။

အနန္တောအနန္တကို ခြောက်ပါးတိုးမြှင့်လိုက်တယ်ဆိုလား။ အဲဒါကို သတင်းစာရှင်းလင်းပွဲတွေ ဘာတွေလုပ်ပြီး ဖွင့်ဟရှင်းလင်းမှာတဲ့ခင်ဗျ။ နောက်ထပ်ကျေးဇူးရှင်တစ်ပါးကို အဘာယ်နားကနေ ကပ်ပြီး နောက်ထပ်

mgyoe.com

mgyoe.com


စာရင်းတိုးမှာပါလိမ့်။

Jungle Press Conference တဲ့။ ဂျန်းဂဲလ်ပရက်စ်ကွန်ဖရင့်ဆိုတော့ သတင်းစာရှင်းလင်းပွဲလို့ပဲ ဆိုပါတော့။ တိရစ္ဆာန်တွေ တော်တော်များများ လာကြမယ် ထင်ပါရဲ့။ လူတွေကတော့ မျက်စိကြီးနားကြီးလောက်ပဲ ဖိတ်ပုံ ရပါတယ်။

ဟုတ်ကဲ့။ အဲသည့်အထဲမှာ မိမိကျွန်ုပ်ဆရာကြီးဂျက်က သွားပြီးတော့ ပါဝင်နေရပြန်တာပါ အရပ်ကတို့။

(နှစ်)

နယူး ကျေးဇူးရှင် ထုတ်ဖော်ဖွင့်လှစ်ကြေညာပွဲတဲ့ခင်ဗျ။ အဲဒါတော့ သတင်းစာရှင်းလင်းပွဲရဲ့ ခေါင်းစဉ်။ သတင်းစာရှင်းလင်းပွဲလုပ်မယ့် တိရစ္ဆာန်ကြီးတွေ ရောက်မလာကြသေးပေမယ့် အဲသည့် လွတ်နေတဲ့ စားပွဲနဲ့ ကုလားထိုင်တွေရဲ့ အနောက်က သစ်ပင်ကြီးနှစ်ပင်ကို လှမ်းပြီးချိတ်ဆွဲထားတဲ့ ဗီနိုင်း (Vinyl) ပေါ်မှာ အဲသည့် ခုတင်ကစာတန်းကို ရေးထိုးရိုက်နှိပ် ဖော်ပြထား လေရဲ့။

အို... ဘာတဲ့။ နယူးကျေးဇူးရှင်ထုတ်ဖော်ဖွင့်လှစ်ကြေညာပွဲပါတဲ့။

ရှေ့ဆုံးတန်းမှာ နေရာယူထားတဲ့ ဂျက်အပါအဝင် လူသားလေးငါး ယောက်က ကွင်းကြီးတစ်ခုလုံးကို ဝေ့ဝိုက်ရှုစားအကဲခတ်လိုက်တော့ တိရစ္ဆာန်တွေ တိရစ္ဆာန်တွေဆိုတာ များလိုက်တာ။ တွားသွားတွေလည်းပါ ရဲ့။ ခြေနှစ်ချောင်းတွေလည်း ပါရဲ့။ ခြေလေးချောင်းတွေလည်း ပါရဲ့။ ရေသတ္တဝါတချို့က မလှမ်းမကမ်းက ချောင်းရေစပ်စပ်ဆီမှာ။ အတောင်ပံ နဲ့ အကောင်ပျံတွေက သစ်ကိုင်းတွေရဲ့ အပေါ်မှာ။ ငါတို့အကောင်ကြီးတွေ ဘာတွေများ ရှင်းတော်မူကြပြန်လေဦးမှာပါလိမ့်ဆိုတဲ့ မျက်နှာပေးကိုယ်စီနဲ့။

အဲဗျာ။ အသံဗလံမျိုးစုံနဲ့ ကျွက်ကျွက်ညံနေတဲ့အခိုက်မှာကိုပဲ မီးခဲကို ရေနဲ့ဖျန်းလိုက်သလို ငြိမ်ခနဲဖြစ်သွားတာကတော့ နယူးကျေးဇူးရှင်ထုတ်ဖော်ပွဲ မှာပါတဲ့ အကောင်ကြီးတစ်ကောင်ဝင်လာတာပါခင်ဗျ။ ခြင်္သေ့။

ခြင်္သေ့က မာစီဒီးနဲ့ ရောက်လာတာပါ။ တံခါးခြောက်ပေါက်မာစီဒီး

mgyoe.com

mgyoe.com


ကြီးနဲ့ပါဗျာရယ်။ ခြသေ့ံကတော်လည်း ပါတာပေါ့။ ခြသေ့ံကတော် တစ်ကိုယ်လုံး စိန်တွေချည်းပါပဲ။ စိန်ဘယက်၊ စိန်ဆံထိုး၊ စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်လက်ကောက်၊ စိန်ခြေချင်းဆိုတာတွေချည်း။

နောက်တစ်ကောင်ဝင်လာပြန်တာက ကျား။ ကျားကလည်း စတားပါပဲ။ သူကတော့ ကိုယ်ပိုင်ရဟတ်ယာဉ်နဲ့ ရောက်ကလာတာ ခင်ဗျ။ ထုံးစံအတိုင်း ကျားကတော်ကလည်း ဖဝါးခြေထပ်ထက်ကြပ်မကွာဆိုသလိုပေါ့။ ကျားမကိုလည်း အများက ငေးကြရတာပါ။ သူက ပလက်တီနမ်တွေချည်းဝတ်လို့။ ဆွဲကြိုး၊ လက်စွပ်၊ နားကပ်၊ လက်ကောက်၊ အကုန်ပလက်တီနမ်။

ဟော... ဟော... နောက်တစ်ကောင်။ မြေခွေးခင်ဗျ။ ဝင်ချလာလိုက်တာ ရိုးလ်ရွိုက်စ် (Rolls Royce) ကားကြီးနဲ့။ ကမ္ဘာပေါ်မှာ ဂုဏ်သရေရှိလူကြီးလူကောင်းတွေကိုသာ ရောင်းပြီး ဘာမှန်းမသိသူတွေကို ဘယ်တော့မှ မရောင်းတဲ့ကားကို စုံနံ့သာမြိုင်က မြေခွေးလိုအကောင်က ဝယ်စီးထားတယ်ဆိုတော့ကာ အဘယ်လူသားတစ်ဦးတစ်ယောက်ဆီကနေ အဘယ်မျှ မတန်တဆဈေးပေးကာ အဘယ်သို့တစ်ဆင့် ပြန်ဝယ်ထားလေသလဲဆိုတာကိုတော့ မသိနိုင်ပေဘူးပေါ့ဗျာရယ်။ တောဦးသျှောင်မြေခွေးက Roll Royce ပေါ်က ဆင်းလာတဲ့အခါ ဂိုးလ်ဟာဗာနား (Gold Havana) ဆေးပြင်းလိပ်ကို ခဲလို့၊ ရေဘင် (Ray-Bin) မျက်မှန်ကိုတပ်လို့၊ မောင့်ဘလင့်က် (Mont Blanc) ဘောပင်ကိုချိတ်လို့။ သူကတော့ မြေခွေးကတော်ကို မခေါ်ခဲ့လေပါဘူး။

"ဟဲဟဲ... သံသယကင်းဖို့ အမှန်ဘဝရှင်းစို့ ဟုတ်ပလား"

အဏုမြူပုံးကြေပြီးစ ဟီရိုရှီးမားပမာ စုံနံ့သာမြိုင်ဟာ ဆိတ်ငြိမ်လို့သွားပြန့်ပါရဲ့။

## (သုံး)

စုံနံ့သာမြိုင်ဆိုတဲ့ တောဌာနကြီးဟာတောသဘာဝအတိုင်း အေးအေးလူလူနေလာကြရာကနေ မြေခွေးက ဦးဆောင်ကာ သူ့အကောင်တစ်သိုက်တို့နဲ့ ခန့်ခွဲစီမံအုပ်ချုပ်၍ အတန်အသင့်အကြာမှာ တစ်တောလုံးစုတ်ပြတ်

mgyoe.com

mgyoe.com


သွားခဲ့လင့်ကစား အကောင်ကြီးတစ်သိုက်ကဖြင့် တောင်ကြီးကို ဟိုက်၍ ယူလိုက်သည့်ပမာ ကြီးပွားသွားကြတဲ့ကိစ္စနဲ့ ပတ်သက်လို့ တောတွင်း တောပြင် ဝေဖန်ပြစ်တင်သမှုများလာတာကြောင့် အဲ ဒီ ရုတ်ခြည်းအရောင် ဝင်းသွားတဲ့ အကောင်တစ်သင်းက သတင်းစာရှင်းလင်းပွဲလုပ်တဲ့ပွဲပါပဲလေ။

ခြသေ့်က... "ဟောသည့်တောကို စီမံအုပ်ချုပ်ခွင့်ရတဲ့နေ့ကစလို့ အမဲ တောင်မှ မလိုက်ဘဲ ပေးတာပဲ စားခဲ့တယ်။ အခု... အဆင်ပြေတယ်ဆိုတာ က သားက ရာကျွေးနေတာ။ ဒါ့ကြောင့် သားရဲ့ ကျေးဇူးကျုပ်တို့ အပေါ်မှာ ကြီးတယ်"

ကျားက... "မာစီဒီးနဲ့ ခြသေ့်ကို သံသယပွားကြသလို ကျုပ်ကိုလည်း ကိုယ်ပိုင်ရဟတ်ယာဉ်နဲ့လို့ စောင်းမြောင်းနေကြတာပါပဲ... တကယ်က သမီးရဲ့ ဂုဏ်ကျေးဇူးကြောင့်ပါ။ သမီးကုမ္ပဏီလုပ်ငန်းလေး အောင်မြင်လို့ ဆိုတာ သိထားစေချင်ပါတယ်"

မြေခွေးက.... "ကိုယ်တို့ အပျံစားနေတယ်ဆိုပြီး အထင်မလွဲနဲ့ ကိုယ့် သားသုံးကောင်က ဖင်ပြဲအောင် အရောင်းအဝယ်လုပ်နေကြရရှာတာ"

ယုံသလား၊ မယုံသလား မသိပေမယ့် တိရစ္ဆာန်အထုကြီးဟာ တိုးတိုး နဲ့ တွတ်တွတ်ဆိုသလို ဖြစ်နေကြတာကတော့ အမှန်ပဲခင်ဗျ။

အဲသလိုနဲ့ အထင်မှားအမြင်မှားတွေကို ပိုမိုထင်ရှားစေအံ့သောငှာရယ် လို့များလား မသိပါဘူး။ ခုနက အကောင်ကြီးတွေက သူတို့ရဲ့ ကျေးဇူးရှင် ရင်သွေးတွေကို ခေါ်ယူကာပြလိုက်ပါလေရဲ့။

ခြသေ့်က မာစီဒီးထဲကနေ သားတော်မောင်ခြသေ့်ကို ခေါ်ပြပါတယ်။ ပေါက်စကလေး။ လမ်းလျှောက်တာတောင် ယိုင်ထိုးယိုင်ထိုးနဲ့။

ကျားက ရဟတ်ယာဉ်ထဲက သူ့ကျေးဇူးရှင်သမီးငယ် ကျားကလေးကို သွားခေါ်စေပါတယ်။ ရှိလှ လေးငါးလပေါ့။ ကျားမကြီးရဲ့ ရင်ခွင်ထဲမှာ နို့တပြွတ်ပြွတ်နဲ့။

မြေခွေးရဲ့ Rolls Royce ကားကြီးထဲကနေ ခေါ်လာတဲ့သားပေါက် သုံးကောင်က ရှယ်တူကလေးတွေ။ သူတို့လည်း နို့မပြတ်ကြသေးဘူး။ အမေ ပါမလာလို့ ထင်ပါရဲ့။ နို့ဘူးကိုယ်စီနဲ့။

"အဲတော့... ခြုံပြောမယ်ဗျာ။ ကျုပ်တို့ ခုနယ် တောက်ကြွားနေတာ

mgyoe.com

mgyoe.com

သားသမီးလေးတွေ မြှောက်စားလို့ ဟုတ်ပလား။ လူတွေက အနန္တော အနန္တ ငါးပါး။ ကျုပ်တို့ တိရစ္ဆာန်တွေက ခြောက်ပါး။ သူတို့ကြောင့် ဟုတ်ပလား... သူတို့ကြောင့်" လုံး၀ သက်ငြိမ်။ တိတ်ဆိတ်။

"အေးဗျာ... သည်အရွယ်ကလေးတွေနဲ့.... စီးပွားရေးလုပ်ပြီး မိဘကို ချမ်းချမ်းသာသာထားနိုင်တာ ဂုဏ်ယူဖို့ကောင်းပါတယ်။ တိရစ္ဆာန်တွေဟာ လူတွေထက် သားသမီးကံကောင်းပါရဲ့"


ဂျက်လည်း မနေနိုင်လွန်းတာနဲ့ စားပွဲရှိရာမှာ တန်းစီထိုင်နေတဲ့ တိရစ္ဆာန်ကြီးတွေရှိရာဆီသွားပြီး သို့ကလို ပြောလိုက်မိပါရဲ့။

ဒါမျိုးသာ သားသမီးကံကောင်းတယ်ဆိုလို့ကဖြင့် ဂျက်တောင်မှ ဘ၀ အဆက်ဆက်တိရစ္ဆာန်ဖြစ်ချင်မိပါရဲ့။

□

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ငွေသားကတော့ တစ်ပြားမှ မယူပေါင်

### (တစ်)

မြိုင်တောကြီးအတွင်းမှာကတော့ နောက်ထပ်အရှုပ်ထုပ်ကြီးတစ်ထုပ်ဟာ ဖွရှုပ်လို့လာခဲ့ပြန်ချေပြီတမုံ့။ ဟုတ်ပ။ အမယ်ဘုတ်ရဲ့ သူ့ချည်မျှင်ကို ဘယ်နေရာကနေ အစငင်ရမှန်းမသိသလို တိရစ္ဆာန်ကြီးတွေရဲ့ကြားက အထွေးအရှုပ်ကြီးတစ်ခုက ပုပ်ပွန်ဟောင်လို့ လာခဲ့ရပြန်ပါချေပေါ့။

**"သဘာဝတောရိုင်းတိရစ္ဆာန် အမွေအနှစ် စီမံခန့်ခွဲရေးအဖွဲ့"** ကြီးက ပိုင်ဆိုင်တဲ့အသပြာတော်ငွေတွေထဲက ဧရာမငွေပမာဏကြီးတစ်ခုဟာ ဘယ်နေရာကို ရောက်သွားမှန်းမသိဘဲ ပျောက်ရှလို့ နေခဲ့ရချေပြီဆိုလား။

တိရစ္ဆာန်ပိုက်ဆံကုဋေတစ်သောင်းခန့်တဲ့ခင်ဗျ။ ကြားကြားသမျှ တိရစ္ဆာန်ကလေးတွေဟာ၊ ဟင်၊ ဟယ်၊ အို၊ အလို၊ ဘုရားဘုရားဆိုတဲ့ အာမေဍိတ်စကားတွေနဲ့ တောကြီးထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့လိုက်တာတွေများ။

### (နှစ်)

အဲ။ ။ နည်းနည်းကလေးတော့ မိတ်ဆက်သမှုပြုဦးမှ ထင်ပါရဲ့။

**"သဘာဝတောရိုင်းတိရစ္ဆာန်အမွေအနှစ် စီမံခန့်ခွဲရေးအဖွဲ့"** ဆိုတာ စုံနံ့သာမြိုင်တောကြီးထဲမှာ အထင်ကရပေါ့။ သူများသတ်လို့ပဲ သေသေ။ ကိုယ့်ဘာသာကိုယ် သေချိန်တန်လို့ပဲသေသေ ကြွင်းကျန်ရစ်တဲ့

mgyoe.com

mgyoe.com


ဆင်စွယ်တို့၊ ကျားစွယ်တို့၊ ဝက်ဝံသည်းခြေတို့၊ စပါးကြီးသည်းခြေတို့၊ နွားချို၊ ကျွဲချို၊ ကျားသားရေ၊ နွားသားရေ၊ ဆိတ်သားရေ၊ သိုးမွေး၊ ယုန်မွေး၊ ကျားရိုး၊ နွားခွာ၊ ပိုက်ဆံဖြစ်မယ့်အရာအားလုံးကို လူ့ကမ္ဘာလူ့ရွာဆီက လူတွေကို လှမ်းကာကမ်းကာ ဖိတ်ကြားပြီးတဲ့သကာလ ပြသခင်းကျင်းသမှု ပြုပြီး ရောင်းလို့ရသမျှ အသပြာငွေကြေးတွေကို စုံနံ့သာမြိုင် ဖွံ့ထွားစည်ပင်ရေးအတွက် ဘယ့်နှာသို့ သုံးစွဲကြမယ်ဆိုပြီး ဦးဆောင်သမှုပြုဖို့ရာ အဖွဲ့ကြီးတစ်ဖွဲ့ ဖွဲ့ထားခဲ့တာ ကြာလှပါပေါ့။

အဲဒါခုနက ပြောခဲ့တဲ့ **"သဘာဝတောရိုင်းတိရစ္ဆာန်အမွေအနှစ်စီမံခန့်ခွဲရေးအဖွဲ့"** ဆိုတာကြီးပါပဲ။

မြေခွေးဦးဆောင်တဲ့ သူ့အကောင်တစ်စုတို့ စုံနံ့သာမြိုင်ကို စီမံခန့်ခွဲခွင့်ရယူပြီးကြကတည်းက အဲသည့်အဖွဲ့ကို ရုတ်ခြည်းဆိုသလို ဖွဲ့လိုက်ကြကာ တောထဲက တိရစ္ဆာန်တို့ရဲ့ အသွေးအသား၊ အရိုးအရေ၊ ချိုခွာ အစွယ်၊ အမွေးအမှင်အားလုံးကို ဈေးပွဲတော်ကြီးလုပ်လို့ တင်ရောင်းလာခဲ့ကြတာ တစ်နှစ်ကို တစ်ခါ၊ ပစ္စည်းအထွက်များရင် နှစ်ခါ၊ အဲဒါဟာ နှစ်ပရိစ္ဆေဒတွေ ကြာပဲကြာလှပါပေါ့။

သဘာဝတောရိုင်းတိရစ္ဆာန်အမွေအနှစ်ရောင်းချတဲ့ ပွဲကြီးများဝှဲချီးကျင်းပတဲ့ အခါသမယရောက်ပြီဆိုမှဖြင့် အနယ်နယ်အရပ်ရပ်က လာဝယ်ကြတဲ့လူတွေဟာ စုံနံ့သာမြိုင်အတွင်းမှာ ခြေချင်းကို လိမ်လို့ပေါ့။ လူတွေပြန်သွားကြတဲ့အခါ တောကြီးဟာ ပြောင်းတလင်းခါလို့ ကျန်ရစ်ခဲ့ပြန်ပါရဲ့။ ၎င်းနောက်တစ်ခါ နောက်တစ်ပွဲအတွက် တိရစ္ဆာန်အမွေအနှစ်တွေကို စုကြ၊ ဆောင်းကြ၊ ရှာကြ၊ ဖွေကြ ပြန်ပါလေရော။

သဘာဝတောရိုင်းတိရစ္ဆာန်အမွေအနှစ်တွေ ရောင်းချတဲ့ပွဲကြီးပြီးလေတိုင်း၊ ပြီးလေတိုင်းမှာ တောဦးသျှောင်မြေခွေးက တောလုံးဆိုင်ရာ မိန့်ခွန်းတော်မြွတ်ကို လှစ်ဟတော်မူသဗျ။ တိရစ္ဆာန်အပေါင်းတို့အနေနဲ့ အနာဂတ်အတွက် ဘဇာမှ ပူပင်စရာမလိုကြောင်း။ တောသဘာဝတောရိုင်းတိရစ္ဆာန်အမွေအနှစ်တွေနဲ့ ပြည့်နှက်နေတဲ့အကြောင်း၊ ယင်း၎င်းအရာများဆီက ဝင်ငွေတွေ လိှမ့်ကာ လိှမ့်ကာ ဝင်ရောက်နေတဲ့အကြောင်း၊ မကြာမီ လူ့ကမ္ဘာကြီးကိုပင် ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်တဲ့အကြောင်းဆိုတာတွေဟာ

mgyoe.com

mgyoe.com

တိရစ္ဆာန်အသံကနေ အသံလွှင့်နေရုံမျှမက တိရစ္ဆာန်ဒေးလီး (Animal Daily) သတင်းစာထဲမှာ ရေးသားဖော်ပြလို့ မဆုံးပေါ့။

ဟော... ခုတော့ ကြည့်။ တိရစ္ဆာန်ပိုက်ဆံကုဋေတစ်သောင်းတဲ့။ သဘာဝတောရိုင်း တိရစ္ဆာန် အမွေအနှစ်တွေ ရောင်းချရာကရတဲ့ ပိုက်ဆံတွေထဲက ကုဋေတစ်သောင်းဟာ ဘဏ္ဍာတစ်ခုမှ အကောင်အထည်မပေါ်ဘဲနဲ့ ပျောက်ရှလို့နေခဲ့ပြီဆိုလား။

အဲသမှာ တစ်တောလုံးက တိရစ္ဆာန်တွေ ဟာ၊ ဟင်၊ ဟယ်၊ အို၊ အလို၊ ဘုရားဘုရားနဲ့ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြတော့တာပါပဲ။

## (သုံး)

ရှုံးသဗျ။

စီမံခန့်ခွဲရေးအဖွဲ့ထဲက တောဦးသျှောင်အကောင်ကြီးတွေ သူတစ်ခွန်းငါတစ်ခွန်းနဲ့ တိရစ္ဆာန်ဒေးလီးသတင်းစာထဲကနေ ထွက်ထွက်ပြီးတော့ ရှုံးသဗျ။ တိရစ္ဆာန်ပြဇာတ်ရုံအတွက် မြေခွေးထုတ်ယူငွေ ဘယ်လောက်၊ တိရစ္ဆာန်စာကြည့်တိုက်အတွက် ခြသေ့ထုတ်ယူငွေ ဘယ်လောက်၊ တိရစ္ဆာန်ယဉ်ကျေးမှုပြတိုက်အတွက် ကျားထုတ်ယူငွေ ဘယ်လောက်၊ တိရစ္ဆာန် ပန်းခြံအတွက် ကျားသစ်ထုတ်ယူငွေဘယ်လောက်၊ လက်မှတ်တွေ ဘာတွေကိုထိုးကာ ထုတ်ယူသွားတာတွေဖြင့် မဟုတ်လေဘူးပေါ့။ အစွယ်ကြီးကြီးအဆိပ်ပြင်းပြင်းနဲ့ သတ္တဝါကြီးတွေက ထုတ်ယူနေတဲ့ ပိုက်ဆံကို အဘယ်သို့သော သတ္တဝါငယ်ကလေးတွေက တားဆီးနိုင်မှာတဲ့တုံး။

အနို့သော် ယခုတိုင်ဘဏ္ဍာတစ်ခုမှတော့ အကောင်ရယ်၊ အထည်ရယ်လို့ မပေါ်သေးဘူးပေါ့။ ထား။

အဲသည့်မှာ ပြတ်ပြတ်သားသား ရှင်းပြီး ပြတ်ပြတ်သားသား စိန်ခေါ်လိုက်တဲ့ သတ္တဝါကတော့ ဝံပုလွေပါပဲ။ ဝံပုလွေက တိရစ္ဆာန်ဦးသျှောင်အဖွဲ့ထဲမှာ ပြောရေးဆိုခွင့်ရှိတဲ့ ပုဂ္ဂိုလ်လေ။

ဝံပုလွေက ပြတ်တယ်။

သေဒဏ် ပေးလိုက်တဲ့။ မိမိတို့ တိရစ္ဆာန်ဦးသျှောင်အဖွဲ့ထဲက မည်

mgyoe.com

သည့်အကောင်မဆို တောပိုင်ပိုက်ဆံတွေကို ရယူစုဆောင်းထားကြောင်း အထောက်အထားနဲ့တကွ တွေ့ရင်သေဒဏ်ပေးလိုက်တဲ့။ ခံယူမယ်တဲ့။

တကယ့်ကို ပြတ်သားပြီးရဲလွန်းတဲ့ စိန်ခေါ်ချက်ပါပဲ။ သတင်းစာထဲမှာ စာလုံးအမည်းကြီးတွေနဲ့။ မိမိတို့ထံ၌ ပိုက်ဆံများတွေ့ခဲ့သည်ရှိသော် သေဒဏ်ခံယူရန် အားလုံးအဆင်သင့်ဖြစ်ကြောင်း ဝံပုလွေက သတင်းစာရှင်းလင်းတဲ့။

အဲသမှာ တောဦးသျှောင်တွေနဲ့ အဝင်အထွက်ရှိတဲ့ ဂျက်စကားပြောရဲတင်းလွန်းလိုက်တာ အကုန်သေဒဏ်ကျကုန်တော့မှာပဲဆိုပြီး စိတ်ပူသလိုလို ဖြစ်သွားမိတာကဖြင့် အမှန်ပဲခင်ဗျ။

အဲသဟာနဲ့ တစ်ရက်တော့ နည်းနည်းပါးပါး ကလေးစေ့ငုရအောင်လို့ ဆိုပြီး တောဦးသျှောင်မြေခွေးရဲ့ ဂူကြီးရှိရာဆီရောက်သွားတော့ သူတို့အကောင်ကြီးတစ်သိုက်တို့ စုဝေးစားသောက်နေကြတဲ့ ပွဲနဲ့တည့်တည့်သွားတိုးတော့တာ။ ဝိုင်တွေ ဖိသောက်ထားလို့ ထင်ပါရဲ့။ အကုန်လုံးမူးလို့။ ရဲရဲတောက်နေတဲ့ မီးဖိုကြီးဘေးမှာက အသားကင်မျိုးစုံ။

ဘာရမလဲ။ ဂျက်လည်း အဲသည့်အကောင်တွေနဲ့ ဝင်တွဲကာ ဝိုင်ကလေးတစ်ကျိုက်၊ အသားကလေးတစ်ကိုက်ပေါ့။ ရီတီတီဖြစ်လာတော့ မေးမိတယ်။

“မရဲလွန်းဘူးလားဗျာ ပိုက်ဆံတွေ ယူထားခဲ့ရင် သေဒဏ်ပေးပစ်ဆိုတော့”

ရယ်လိုက်ကြစမ်းဆိုတာ။ မြေခွေးရော၊ ကျားရော၊ ကျားသစ်ရော၊ ခြင်္သေ့ရော၊ ဝံပုလွေရော။

“ဂျက်ဆရာကဖြင့်
ခက်ပါ ပကော
ကျုပ်တို့က ဘယ့်နှာလုပ်
ပိုက်ဆံယူမှာတဲ့တုံး
ရွှေယူတယ်
စိန်ယူတယ်
ပတ္တမြားယူတယ်

mgyoe.com

mgyoe.com


ကားယူတယ်
ပိုက်ဆံမှ မယူတဲ့
ဟာပဲဗျာရယ်
တိရစ္ဆာန်တွေ
အဲ့သည်လောက်
မစဉ်းစားဘူး
ဆရာကြီးဂျက်
မပူနဲ့"

အဲဒါမှူးတူးတူးနဲ့ ဝံပုလွေ ပြောတဲ့စကား။

သြော်... ပိုက်ဆံယူထားခဲ့ကြရင် သေဒဏ်ပေးတဲ့။ အဲသဟာကြောင့် အပြောရဲတာပေကိုး။ စုံနံ့သာမြိုင်တောထဲက သတ္တဝါတွေ ရိပ်မှရိပ်မိကြရဲ့လား မသိပါဘူး။ ။

▢

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## စုံနံ့သာမြိုင်မှာ အောင်စာရင်းထွက်ပြီးတဲ့အခါ

### (တစ်)

မုတ်သုံလေကလေးက တစ်ချက်နှစ်ချက်ဝှေ့လိုက်ပြီးသည့်သကာလ မိုးပေါက်ကလေးတို့ တစ်ပြိုက်နှစ်ပြိုက် ရွာသွန်းချလိုက်ပြီး၍ မကြာတတ်လှသော အချိန်ကလေးအတွင်းမှာပင်လျှင် တိရစ္ဆာန်စာမေးပွဲအောင်စာရင်းတို့သည် ထွက်ပေါ်၍ လာခဲ့ပြန်ပါချေသည် တမုံ့။

ဟုတ်ပ။ ဒါ ဆန်းကြယ်တဲ့ ကိစ္စမှ မဟုတ်ပေတာပဲ ဥစ္စာ။ မိုးဦးနိဒါန်းစရင် စုံနံ့သာမြိုင်မှာ တိရစ္ဆာန်စာမေးပွဲအောင်စာရင်းတွေ ထွက်နေကျပဲဥစ္စာ။ အဲသမှာ Hot အဖြစ်ဆုံးအောင်စာရင်းက ဒသမအဆင့် အောင်စာရင်းပေပဲပေါ့။ ဟုတ်တယ်လေ။ စုံနံ့သာမြိုင်မှာ တိရစ္ဆာန်ယူနီဗာစီတီတက်မယ့်သတ္တဝါကလေးတွေဟာ ဒသမအဆင့်ကိုဖြင့် အောင်မြင်ကြရပေမှာကိုး။

ကြိတ်ကြိတ်ရယ်မှ တိုးလို့ပါဗျာရယ်။ တိရစ္ဆာန်လုံးဆိုင်ရာဒသမအဆင့် စာမေးပွဲအောင်စာရင်းကြီးကပ်ထည့်လိုက်တဲ့အခါ မိုးကလေး ဖြိုးဖြိုးဖြောက်ဖြောက်ရဲ့ အောက်မှာကိုပဲ ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ တွားသွားက စလို့ ကုန်းနေရေနေလေနေသတ္တဝါ အထွေထွေတို့ဟာဖြင့် အလုအယက်တိုးဝှေ့လို့ ကြည့်လိုက်ကြတာ။

အဲ.... အဲသဟာ အောင်စာရင်းကပ်ပြီးလို့ နောက်ထပ်လေးငါးခြောက်

mgyoe.com

mgyoe.com


ရက်လောက်အကြာ သွေးကလေး လေကလေးနည်းနည်းငြိမ်သွားပုံရတဲ့အခါ ကျတော့မှ ဂျက်ဆရာက တောထဲကို ရောက်သွားခဲ့ရတာပါ။

ဪ... ထုံးစံအတိုင်းပေါ့ ဗျာရယ်။ ရှုံးတဲ့အကောင်ဆီ ဂျက်က ဘယ်သွားပါလိမ့်မလဲ။ အောင်တဲ့အကောင်ဆီပဲ သွားတာပေါ့။ အဲဒါ လူ့ ယဉ်ကျေးမှုပဲ ဥစ္စာ။

## (နှစ်)

ဂျက် ပထမဦးဆုံး ဝင်သွားဖြစ်တဲ့ အိမ်က ဆင်မိသားစုအိမ်ခင်ဗျ။ ဆဒ္ဒန်တေဇဆိုလား။ သုံးဘာသာဂုဏ်ထူးနဲ့ကို အောင်ထားတဲ့ ဆင်ကလေး။

ဂျက်ဝင်သွားတော့ အိမ်မှာ သူတစ်ယောက်ပဲ ရှိနေတာပါ။ ဆင်အဖေ၊ အမေနှစ်ကောင်စလုံး သစ်သွားဆွဲနေကြတယ် ဆိုလား။ ဆဒ္ဒန်တေဇက ကြံကလေးတွေစုပ်လို့။

"ဆဒ္ဒန်တေဇရေ... အောင်လို့ ဝမ်းသာသကွာ။ ဘာဆက်တက်ဖို့ စိတ်ကူးတုံး။ သားက ဘာကို ဝါသနာပါသတုံး"

ဂျက်က အနို့ကလို မေးလိုက်တော့ ဆင်ကလေးဆဒ္ဒန်တေဇက စုပ်လက်စကြံကလေး နံဘေးပစ်ချကာ ဝါသနာဟုတ်လားဆိုပြီး ဆင်မျက်လုံး မှေးမှေးကလေးနဲ့ တွေးဆစဉ်းစားသဗျ။ ပြီးမှ လေးနက်တည်ကြည်တဲ့ ဆင်လူငယ်ပီပီ ပြန်ဖြေတာပါ။

"ဘာဝါသနာပါသတုံးဆိုတော့ အဲဒါဖားသားကြီးမေးရမှာ။ ဖားသားကို မေးပြီးမှ ဖြေလို့ ဖြစ်မှာ။ ဖားသားဝါသနာ ကျွန်တော့်ဝါသနာပဲ။ ဖားသား တက်စေချင်တဲ့ တိရစ္ဆာန်တက္ကသိုလ် ကျွန်တော် တက်မှာပဲ"

"ဖြစ်ပါ့မလား ဆဒ္ဒန်တေဇရာ"

ဂျက်က အဲသလိုမျိုး စိတ်ပူပန်ကာ မေးခဲ့မိပါရဲ့။ ဆဒ္ဒန်တေဇက ဘာလို့ မဖြစ်ရမှာတုံးဗျာတဲ့။ ကျွန်ုပ်အကြိုက်ဆုံး အသီးအနှံဆိုတဲ့ စာစီစာကုံး ဖားသားကြီးပဲ ရေးပေးတဲ့ ဥစ္စာတဲ့။ ကျွန်ုပ်၏ကိုယ်တွေ့အဖြစ်အပျက်တစ်ခု ဆိုတာလည်း ဖားသားကြီးပဲ ရေးပေးတဲ့ ဥစ္စာတဲ့။

ကိုယ်သင်ယူချင်တဲ့ စိတ်ကြိုက်ဘာသာကို ဖခင်ဆင်ကြီးက ရွေးပေး

mgyoe.com

mgyoe.com

မှာဆိုတဲ့ စာမေးပွဲအောင်ခါစ ဆဒ္ဒန်တောဇကို ဂျက် လေးစားသွားမိပါသဗျ။

(သုံး)

တိရစ္ဆာန်လုံးဆိုင်ရာ ဒသမအဆင့် စာမေးပွဲအောင်စာရင်းတွေ ထွက်ပြီးစကာလမှာ စုံနံ့သာမြိုင်ထဲက အောင်မြင်သူ တိရစ္ဆာန်မိတ်ဆွေတို့ရဲ့စခန်း ရှိရာကို မြန်းမိရာသူ ဂျက် စဉ်းငယ်ခန့်တော့ ကြောင်တက်တက် ဖြစ်မိပါသဗျ။

အဲ... နောက်တစ်ခါ ရောက်သွားမိပြန်တာက ယုန်မိသားစုရဲ့ အိမ်။ မုန်လာဥကိုယ်စီဝါးရင်း စကားပြောနေကြခိုက်မို့ ထင်ပါရဲ့ စုစုဝေးဝေးနဲ့။

ယုန်ကလေးနှင်းနှင်းက ဒသမအဆင့် စာမေးပွဲကို အောင်မြင်ထားတဲ့သူ။

"သမီးနှင်းနှင်းက ဘာတက်မတုံး"

"ရေကြောင်းတက္ကသိုလ်"

ဟောဗျ။ အဲဒါ ဂျက်ပါးစပ်ထဲကနေ လျှောကျသွားတဲ့ စကားနှစ်လုံး ဟောဗျပါပဲ ခင်ဗျ။ ချက်ချင်းကြီး ဖြေထည့်လိုက်တဲ့ ယုန်မကလေးနှင်းနှင်းရဲ့ အဖြေစကားက ဂျက်ကို ထွေပြားသွားစေခဲ့ပါရဲ့။

ယုန်သတ္တဝါနဲ့ ရေကြောင်းတက္ကသိုလ်၊ ဘယ့်နှာလို စိတ်ကူးပါလိမ့်။ အဘယ်ကြောင့်တုံး သမီးရာသို့ ဂျက်မေးမိတာ မဆန်းဘူး ထင်ပါရဲ့။

"ဒသမအဆင့်မှာတုန်းက အတူတူထိုင်တဲ့သူက ဖျံမကလေး စိုးမြတ် အဏ္ဏဝါ၊ အခု... သူလည်း အောင်တယ်၊ သူက... သူ့ကို ချစ်ရင် သူယူတဲ့ ဘာသာယူရမယ်တဲ့။ ဒါကြောင့် အဏ္ဏဝါ့ကိုမခွဲနိုင်လို့ ရေကြောင်းတက္ကသိုလ် တက်မှာ... ဆရာကြီးဂျက်က ဝေးတယ်ကွာ" တဲ့။

ဟောဗျ။ အဲဒါ ဂျက်နှုတ်ကနေ နောက်ထပ် တစ်လီလျှောကျ ပြန်ပါတဲ့ ဟောဗျပါပဲ ခင်ဗျ။ တိရစ္ဆာန်တွေရဲ့ ပညာရေးဟာ သံယောဇဉ်နဲ့တွဲလို့ နေတာကိုး။

mgyoe.com

mgyoe.com


(လေး)

တာရာဝေဟင်ဆီကို ရောက်တော့လည်း ဂျက်ခေါင်းနောက်သွားရပြန်ပါရဲ့။ တာရာဝေဟင်က သိန်းငှက်ကြီးရဲ့သား။ သူက လေကြောင်းတက္ကသိုလ်တက်ချင်တာ။ အနို့ပေမယ့် သူ့အမှတ်က ၉ ဒသမ ၉၉။ လေကြောင်းတက္ကသိုလ်အမှတ်က ၁၀ ဆိုတော့ကာ ဒသမ ၁ လိုနေလေရဲ့။ ဒါနဲ့အမှတ်တွေကို နှမြောလို့ဆိုလား။

"ရေကြောင်းတက္ကသိုလ်ပဲ ရွေးလိုက်တယ်ဗျာ" တဲ့။

ဩော်... နောင်အခါရေကြောင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသိန်းငှက်များဖြစ်သွားလေမလား မပြောတတ်။

(ငါး)

အက်ကျူးကောရှင်းနဲ့ တိရစ္ဆာန်ကမ္ဘာကို လူ့ရွာသို့အမိ လိုက်အံ့ဆိုတာ မကြာခင် ဖြစ်လာမှာပါလို့ တောက အပြန်မှာ ဂျက် စဉ်းစားမိပါကြောင်း။ ။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# တစ်နှစ်သုံး တိရစ္ဆာန်တွေ ပြုံးပါ

## (တစ်)

တိရစ္ဆာန်ဆေးကုသဆရာဝန်ကလေး ဒေါက်တာကြွက်နီတစ်ယောက် လူ့ရပ် လူ့ရွာ လူ့ကမ္ဘာကနေ ဖယ်ကြဉ်ရှောင်ခွာသွားပြီးတဲ့ သကာလ တောထဲမှာ သွားပြီး ဆေးခန်းကလေး ဖွင့်ထားခဲ့တာ ကြာပဲကြာလှပါပေါ့။ ဟုတ်တယ်လေ။ တောပါလို့ဆိုမှ ဘယ်တောရှိမှာတဲ့လဲ။ နာမည်ကျော် စုံနဲ့သာမြိုင်ပဲပေါ့။

လူ့ရပ်လူ့ရွာထဲမှာ တိရစ္ဆာန်ဆေးကုခန်းကလေးဖွင့်တဲ့အခါ ကြောင်ကလေးတွေ ရောက်လာလိုက်၊ ခွေးကလေးတွေ ရောက်လာလိုက်နဲ့သာ ဆေးခန်းကလေးကို ပိတ်ပိတ်ပြီး ပြန်သွားရလေ့ရှိပေမယ့် စုံနဲ့သာမြိုင်ဆိုတဲ့ တိရစ္ဆာန်ပေါင်းစုံရာ တောကြီးထဲကိုလည်း ဆေးခန်းပြောင်းဖွင့်လိုက်ရော လာလိုက်တဲ့ တိရစ္ဆာန်တွေဆိုတာ။ ဆေးထိုးတဲ့ပိုက်ပြွန်ဟာ သကြန်ရေပက်တဲ့ ရေပြွတ်ပမာကိုဖြစ်လို့။

တစ်ရက်တော့ ဒေါက်တာကြွက်နီနဲ့ သူ့ဆေးခန်းကလေးထဲမှာပဲ ဆုံပါတယ်။ ထုံးစံအတိုင်း အခုတလော ဘဇာရောဂါတွေ အဖြစ်များနေသတုံးဗျာ ဘာညာမေးရမြန်းရပေတာပ။

"အင်း... ဟုတ်ပ ဆရာဂျက်ပြောတော့မှ သတိထားမိတယ်။ အက်ဆီးဒင့်ပဲဗျ။ အခုနှစ်ထဲမှာ ဆေးခန်းရောက်လာတဲ့ တိရစ္ဆာန်အများစုဟာ မတော်

mgyoe.com

mgyoe.com

တဆမှုတွေချည်းပဲ”

Accident (ခေါ်) မတော်တဆမှုတွေ များတယ်ဆိုပဲ့လား။ တိရစ္ဆာန်တွေ ဘာကြောင့်များ နမော်နမဲ့ဖြစ်ကုန်ကြရပြန်တာပါလိမ့်။ ခြေမခိုင်၊ လက်မခိုင်ဖြစ်ကုန်ကြရပြန်တာပါလိမ့်။

“အဲ... ကြည့်... ပြောရင်း ဆိုရင်း... လာပြီ”

ဟုတ်ပ။ ဒေါက်တာကြွက်နီရဲ့ အက်ဆီးဒင့်တွေ များတယ်ဆိုတဲ့ စကားမှ မဆုံးတတ်သေးခင်မှာကိုပဲ မျောက်လွှဲကျော်အမကြီးတစ်ကောင် ကလေးလေးကို ပွေ့လို့။ မျက်စိပျက် မျက်နှာပျက်နဲ့။ နောက်နားက ကပ်ပါလာတာက အဖေဖြစ်ပုံရတဲ့ မျောက်လွှဲကျော် အထီးကြီး။ ပွစိပွစိနဲ့။

“ငါအတန်တန်ပြောတယ်။ ကလေးပြုတ်ကျမယ်၊ ကလေးပြုတ်ကျမယ်လို့။ ငါသတ်မိတော့မယ်နော်”

“ကဲပါတော်... နောင်မဖြစ်စေရဘူး ပြောနေတဲ့ ဥစ္စာ”

“အဲဒါ ဘယ်နှခါရှိပြီလဲ။ ဟင်... မျောက်စုတ်မ”

မျောက်ထီးနဲ့ မျောက်မ ကွိကွိကွကွဖြစ်နေကြတာကို ဒေါက်တာကြွက်နီက ဆီးပြီးဟန့်ပါတယ်။ ဘာဖြစ်တာလဲပြော၊ တိုတိုပြောလို့ ငေါက်လိုက်တော့မှ မျောက်မက ကလေးကို တစ်ချက်ငုံ့ကြည့်လိုက်ကာ ကလေးလွတ်ကျလို့တဲ့။

“ကျမှာပေါ့... ဟင် တစ်ပင်နဲ့တစ်ပင် လွှဲဟာ ဆယ်လ်ဖီ (Selfie) ရိုက်ရင်းနဲ့ လွှဲတယ်။ ကလေးကို သေချာမဖက်ထားဘူး ငါနော်”

ဒေါက်တာကြွက်နီက ဒေါသဖြစ်နေတဲ့ မျောက်လွှဲကျော်အထီးကြီးကို တားပါတယ်။ ခင်ဗျားချစ်ချစ် ဟိုအပင်သည် အပင်ကူးရင်း ဆယ်လ်ဖီရိုက်တဲ့ကိစ္စ ပြန်တော့မှ ရှင်းဆိုပြီး မျောက်ကလေးရဲ့ ကွဲသွားတဲ့ ခေါင်းကို ချုပ်၊ ကျိုးသွားတဲ့လက်ကို ကျောက်ပတ်တီးစည်းရှာပါတယ်။

ဒေါက်တာကြွက်နီ ဂျက်ကို ပြောတဲ့ စုံနံ့သာမြိုင်မှာ အက်ဆီးဒင့်တွေ များလာတယ်ဆိုတဲ့ စကားကို ဂျက်အတွေးပွားနေခိုက်မှာကိုပဲ မျောက်လွှဲကျော် မိသားစုက ကိစ္စပြီးလို့ ပြန်လည်ထွက်ခွာသွားကြကာ သားပိုက်ကောင်ကြီးတစ်ကောင်က ရောက်ရှိလို့နေပြန်ပါပြီ။ သားပိုက်ကောင်ပေါက်စကလေးတစ်ကောင်က ရေတွေ ရွဲနစ်ပြီး တဆတ်ဆတ်တုန်လို့။ ဘယ်လိုများ

mgyoe.com

mgyoe.com

ဖြစ်လာရပြန်တာတုံး ဆိုတဲ့ ဒေါက်တာကြွက်နီရဲ့ စကားအဆုံးမှာ သားပိုက်ကောင်အမကြီးက သူ့အက်ဆီးဒင့်တစ်ခုလုံး ရင်ဖွင့်ပါလေရဲ့။

“ချောင်းစပ်က တံတားပေါ်မှာ ဆယ်လ်ဖီရိုက်နေတာ ဆရာရယ်။ ရှခင်းကလှတော့ နေလုံးမပျောက်ခင် အမိဆွဲနေတာ ကလေးထွက်ကျပြီး ရေထဲရောက်နေတာ သတိမထားမိဘူး။ ကြည့်ပါဦးဆရာရယ် တုန်နေလိုက်တာ”

“အချိန်ကြာလွန်းတော့ အအေးပတ်သွားပုံရတယ် မှန်းစမ်း”

သားပိုက်ကောင် အစ်မကြီးက သူ့ကလေးကို ဆရာဝန်ကြည့်နေတုန်းမှာကိုပဲ လက်ထဲက ဖုန်းကို တစ်ချက်ပွတ်နေသေးပြန်ပါရဲ့။ ဆယ်လ်ဖီများ ရိုက်ချင်နေသေးလေသလား မသိ။

စုံနံ့သာမြိုင်မှာ အက်ဆီးဒင့်တွေများလာတယ်ဆိုတာ ဆယ်လ်ဖီရောဂါရဲ့ နောက်ဆက်တွဲတွေပဲ ထင်ပါရဲ့။

## (နှစ်)

ဟောကြည့်စမ်း။ ယုန်တစ်ကောင်က မုန်လာဥကြီးချိုးပြီး ကိုင်ထားတဲ့ ပုံကို ဆယ်လ်ဖီရိုက်လို့။ ပြုတ်ကျလုလု ပိန္နဲသီးကြီးပေါ်မှာ ထိုင်နေတဲ့ ရှဉ့်ကလေးကလည်း ဆယ်လ်ဖီရိုက်လို့။ စပါးကြီးမြွေကြီးက ပတ်ထားတာကို ခံနေရတဲ့ ဒရယ်ကလေးတစ်ကောင်ကလည်း ဆယ်လ်ဖီတော့ ရိုက်နေသေးသဗျ။ ရေအိုင်စပ်စပ်တစ်ခုဆီမှာကတော့ မိကျောင်းရဲ့ ပါးစပ်ထဲကို ခြေထောက်တစ်ချောင်းပါနေပြီဖြစ်တဲ့ နွားကလေးတစ်ကောင်က ဆယ်လ်ဖီရိုက်လို့။ တစ်နေရာမှာကျတော့ ကျုံးထဲသွင်းပြီး ထူးခတ်တာကို ခံထားရတဲ့ ဆင်ကြီးသုံးကောင်က လက်ကိုင်ဖုန်းကိုယ်စီနဲ့ ဆယ်လ်ဖီရိုက်လို့။ ခြေထောက်မှာ သံခြေချင်းတွေနဲ့ သစ်ဆွဲလာတဲ့ ဆင်ကြီးကလည်း စမ်းချောင်းကလေးနားရောက်တော့ ရှခင်းကို မငြင်းသာတော့ဘဲ ပါလာတဲ့ ဖုန်းကလေးနဲ့ ဆယ်လ်ဖီရိုက်လို့။ ကုန်ကုန်ပြောရရင် မြို့ကိုပို့မယ့် ကြက်ခြင်းတွေထဲက တောကြက်တွေ အဲသည့်ခြင်းထဲမှာ သူက အရင် ငါက အရင်နဲ့ ဆယ်လ်ဖီလုယက် ရိုက်နေလိုက်ကြတာ။

mgyoe.com

(သုံး)

တစ်ညမှာတော့ စုံနံ့သာမြိုင်မှာ တောမီးလောင်ပါတယ်။ တောမီးက အစမှာ သည်လောက်မများပါဘူး။ တိရစ္ဆာန်ကြီးငယ်တွေ ချက်ချင်းငြိမ်းရင် ငြိမ်းပါတယ်။

ဒါပေမဲ့ ရှိသမျှအကောင်တွေက ချက်ချင်းမငြိမ်းကြသေးဘဲ မီးရောင်မှာ ဆယ်လ်ဖီရိုက်နေခဲ့ကြသေးဆိုလား။ ဒါနဲ့ မီးက အငြိမ်းနောက်ကျပြီး တောတစ်ဝက်နီးနီး လောင်သွားခဲ့တယ်ဆိုပါရဲ့။

ဂျက်လည်း သနားတာနဲ့ တိရစ္ဆာန်ကလေးတွေကို စုထားတဲ့ ဒုက္ခသည်စခန်းကို သွားကြည့်မိပါရဲ့။ ဟောဗျာ။ လက်ကိုင်ဖုန်းကိုယ်စီနဲ့ ဆယ်လ်ဖီရိုက်နေလိုက်ကြတာ။

"ကိုယ့်ရုပ်ကိုယ်ကြည့်ပြီး သဘောကျနေလိုက်ကြတာ လောကကြီးဘာဖြစ်နေလဲ ကြည့်ဖို့ သတိမရကြဘူး"

တိရစ္ဆာန်ဆေးကုဆရာဝန်ကလေး ဒေါက်တာကြွက်နီရဲ့စကား။

ရိုက်ကြ၊ ရိုက်လို့ရတဲ့နေရာမှာ ရိုက်ကြ။ ကိုယ့်ရုပ်ကိုယ် ပြန်သဘောကျနေရရင် တစ်တောလုံးပဲ ပြာကျကျ။ တိရစ္ဆာန်တွေရဲ့ ဘဝကို လူတွေ ညဏ်မီပုံ မရပါဘူး။ ။

□

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## တိရစ္ဆာန်ချင်း တူလို့လား

### (တစ်)

ဗုဒ္ဓဘာသာဝင်တွေ ဘုရားရှိခိုးကြတဲ့အခါ အဲသည့်ဘုရားရှိခိုးရဲ့ နောက်ပိုင်းနားမှာ ဆုယူဆုတောင်းလုပ်တာကလေးများ သတိထားမိကြလေသလား မပြောတတ်ပါဘူး။ အပါယ်လေးပါးတဲ့၊ ကပ်သုံးပါးတဲ့၊ ရပ်ပြစ်ရှစ်ပါးတဲ့၊ ရန်သူမျိုး ငါးပါးတဲ့။ ဝိပ္ပတ္တိတရားလေးပါးတဲ့၊ ဗျသနတရား ငါးပါးတဲ့။ အဲဒါအရာတွေကနေ ကင်းလွတ်လိုကြောင်း ဆုတောင်းတာကလေးကို သတိထားမိမယ်လို့ ထင်ပါရဲ့။

အခု ပြောချင်တာက အဲဒီဆုတောင်းထဲက အပါယ်လေးပါးဆိုတဲ့ ကိစ္စပါ။ ငရဲတဲ့။ တိရစ္ဆာန်တဲ့။ ပြိတ္တာတဲ့။ အသူရကာယ်တဲ့။ အဲဒါဟာ အပါယ်လေးပါးပဲပေါ့။ အဲသည့်အပါယ်လေးပါးကို လူတွေ ကြောက်ကြတယ်ဆိုပဲ့လား။ အလိုမရှိကြဘူး ဆိုပဲ့လား။ မရောက်လိုကြဘူးဆိုပဲ့လား။

ကဲ... အခုတော့ ဘယ့်နှယ်လုပ်ကြရပဲ့။ အကုန်လုံး တိရစ္ဆာန်ဖြစ်နေကြရတဲ့ဘဝ။ စုံနံ့သာမြိုင်ဆိုတဲ့ တောကြီးထဲက တိရစ္ဆာန်ကြီးကြီးငယ်ငယ်တို့ရဲ့လောက။

ကံအကျိုးပေး မလှတာကြောင့် တိရစ္ဆာန်ဘဝရောက်နေကြရှာတဲ့ အဆိုပါ သတ္တဝါကလေးတို့ခမျာ ကိုယ့်ကိုယ်ကိုယ် စိတ်အားငယ်နေကြရှာရာက တစ်ရက် စကားစမြည်ပြောဖြစ်ကြတဲ့အခါ ကမ္ဘာပေါ်မှာ တိရစ္ဆာန်တွေ

mgyoe.com

mgyoe.com


ဟာ သည်လိုပါပဲလား ခင်ဗျာလို့ ဂျက်ကို မေးမြန်းသမှုပြုလာခဲ့ကြပါလေရဲ့။

အဲ... အဲသမှာ ခင်ဗျားတို့ရဲ့ ဆရာကြီးဂျက် နည်းနည်းကလေး 'တွေ' သွားခဲ့ရလေတာပါ။

ကမ္ဘာပေါ်မှာ ရှိရှိသမျှသော တိရစ္ဆာန်တွေဟာ တိရစ္ဆာန်တော့ တိရစ္ဆာန်တွေပဲပေါ့။ အနို့သော် လူတွေရဲ့ကမ္ဘာကို ရောက်နေကြတဲ့ တိရစ္ဆာန်တွေက ကျတော့ စုံနံ့သာမြိုင်တောကြီးထဲက တိရစ္ဆာန်တွေလောက် မဆိုးပေါင်၊ မနိမ့်ကျပေါင်။

ဒါကြောင့် ဂျက်က တိရစ္ဆာန်ချင်း တူဘိလင့်ကစား စုံနံ့သာမြိုင်ထဲက တိရစ္ဆာန်တွေနဲ့ လူတွေကြားကို ရောက်နေတဲ့ တိရစ္ဆာန်တွေဟာ နည်းနည်းတော့ ကွာတဲ့ အကြောင်း ရှင်းပြမိပါလေရော။

အဲသမှာ လိုက်ကြည့်ချင်တယ် ဖြစ်ကုန်ကြတော့တာပါ။ တော ဦးသျှောင်မြေခွေးက လူ့လောကရောက် တိရစ္ဆာန်များဘဝ လေ့လာကြဖို့ရာ အလို့ငှာ တိရစ္ဆာန်ကော်မရှင်ကလေးတစ်ဖွဲ့ ဖွဲ့စည်းပေးလိုက်ပါလေရဲ့။ ဖွတ်ကျားရယ်၊ ဝံပုလွေရယ်၊ တောကြောင်ရယ်။ ဒါပါပဲ။

"စိတ်ချမယ်နော် ဆရာကြီး ဂျက်" တဲ့။

တောဦးသျှောင်မြေခွေးရဲ့ အမှာစကားတိုတိုကဖြင့် သကာပျားလို ချိုမြပါပေရဲ့။

## (နှစ်)

ဇမ္ဗူတစ်လွှားမှာဖြင့် တကယ့်ကို လူသားဆန်လွန်းပေစွဆိုတဲ့ လူတွေနေတဲ့ အရပ်ကို ခုနက ဖွတ်ကျား၊ ဝံပုလွေနဲ့ တောကြောင်တို့ကို ဂျက်ခေါ်လာမိခဲ့ပါလေရဲ့။ အဲသမှာ ရှိနေကြတဲ့ တိရစ္ဆာန်တွေ ဘယ့်နှာသို့ နေကြသတုံး ဆိုတာကို သိစေချင်တဲ့အတွက်။

အိမ်တစ်အိမ်ရောက်သွားတဲ့အခါ ခြံဝင်းအကျယ်ကြီးရဲ့ ထောင့်တစ်ထောင့်ဆီမှာ အိမ်သေးသေးကလေးတစ်အိမ်ကို သတိထားမိသွားကြပါလေရဲ့။ ပျဉ်ကာပျဉ်ခင်း သွပ်အမိုးက တဝင်းဝင်းနဲ့၊ ဝွမ်းကပ်တွေ၊ ဘာတွေခင်းလို့။

mgyoe.com

mgyoe.com

အဲသည့်အထဲကနေ ထွက်လာတဲ့ သတ္တဝါက ခွေးကြီး။ လဲလျောင်းရာကနေ မတ်တတ်ထရပ်လိုက်တဲ့အခါ ခွေးအိမ်ခေါင်မိုးကလေးနဲ့ ထိလုထိခင် ဖြစ်ပေမယ့်လည်း ကြီးထွားသူခွေးကြီးက နူးညံ့သိမ်မွေ့ရှာပါပေတယ်။ ခွေးအိမ်ထဲကနေ ထွက်လာကာ ဂျက်တို့ကို နှုတ်ဆက်ရင်းကနေ ရေချိုးဦးမယ် ဆရာကြီးဂျက်ရဲ့ တဲ့။ သည်နေ့က ရေချိုးမယ့်နေ့တဲ့။

ကြည့်စမ်း။ လူတွေနဲ့အတူနေသူ ခွေးကြီးက ရေချိုးတဲ့အချိန် ဇယားခေါ် Time-Tableတွေ ဘာတွေနဲ့။ အကြောင်းတိုက်ဆိုင်လွန်းတာကြောင့် ဂျက်လည်း ခွေးကြီးရေချိုးတာကို စောင့်ကြည့်ဖို့ စုံနံ့သာမြိုင်က တိရစ္ဆာန်သုံးကောင်ကို အကြံပြုမိပါရဲ့။ ဖွတ်ကျားရော၊ ဝံပုလွေရော၊ တောကြောင်ရောက သဘောတူကြပါတယ်။ ကြည့်ကြရအောင်တဲ့။

ရေချိုးဇလုံကြီးထဲမှာ ဆပ်ပြာရည်တွေကို ဖျော်လို့။ မွေးကြိုင်နေတဲ့ ဆပ်ပြာရည်တွေနဲ့ သေသေချာချာ ချိုးပေးပြီးတဲ့အခါ ရေနွေးနဲ့တစ်ထပ်ချိုးပေးပါသေးတယ်။ ပြီးတော့မှ အပူမှုတ်စက်နဲ့ မှုတ်ပေးလိုက်တဲ့အခါ ခွေးကြီးရဲ့ငွေရောင်အမွေးတွေက ဖွာလို့ပေါ့။ အဲ့သည်မှာ မပြီးသေးဘူး။ အမွေးတွေကို ဘီးနဲ့ သေသေချာချာကို ဖြီးသင်ပေးသေးတာ။

"အနီ့တိရစ္ဆာန်က တို့နဲ့မတူပါလားလကွာ" တဲ့။

ဂျက်နဲ့ပါလာတဲ့ လူ့ကမ္ဘာရောက် တိရစ္ဆာန်များဘဝကို လေ့လာတဲ့ စုံနံ့သာမြိုင်တောထဲက သတ္တဝါတစ်ကောင်ရဲ့ ကောက်ချက်ချသံလို့ပဲ ဆိုပါတော့။

## (သုံး)

ဖွတ်ကျားရယ်၊ ဝံပုလွေရယ်၊ တောကြောင်ရယ် ဆက်ထွက်လာကြတဲ့အခါ လမ်းမှာ ကြောင်ကြီးတစ်ကောင်ကို ပွေ့ပြီး ကားပေါ်က ဆင်းလာတဲ့ မိန်းမကြီးတစ်ယောက်နဲ့ ဆုံသဗျ။

သူက ကြောင်ကြီးလည်ပင်းက ပြုတ်ထွက်နေတဲ့ လည်ပတ်ကလေးကို ပြန်တပ်ပေးနေတာကြောင့် ပြီးတော့မှ စကားပြောနိုင်တာပါ။

"Tiger က ဆိုးချင်တယ် ဆရာကြီးဂျက်ရယ်။ ညကလည်း ညဥ့်

mgyoe.com

mgyoe.com


နက်မှ ပြန်လာတယ်။ အဲဒါ နေမကောင်းချင်ဘူးထင်ပါရဲ့... ဆေးခန်းသွားပြမလို့ ထွက်လာတာ..."

Tiger ဆိုတဲ့ ကြောင်ကြီးရဲ့ အမည်လိပ်စာနဲ့ တိရစ္ဆာန်မှတ်ပုံတင်အမှတ်တွေ ဖော်ပြထားတဲ့ လည်ပတ်ကလေးကို ပြန်တပ်ပေးပြီးတဲ့နောက် ဂျက်ကို နှုတ်ဆက်စကားဆိုနေတဲ့ မိန်းမကြီးရဲ့ လက်ထဲကနေ အဲသည့် Tiger က ညောင်ဆိုတဲ့အသံနဲ့အတူ နှုတ်ခမ်းမွေးကြီးတွေကားကာ နှုတ်ဆက်နေသေးပါလေရဲ့။

"သည်နိုင်ငံမှာက တိရစ္ဆာန်တွေဟာလည်း မှတ်ပုံတင်ထားကြရတယ် အဆွေတို့ရယ်"

ဖွတ်ကျား၊ ဝံပုလွေနဲ့ တောကြောင်တို့ဟာ စနစ်တကျမှတ်ပုံတင်ပြီး နေကြထိုင်ကြတဲ့ လူ့ကမ္ဘာရောက်တော့ တိရစ္ဆာန်တို့ရဲ့ ဘဝကိုကြည့်ကာ အအံ့သြကြီး အံ့သြနေပုံရပါရဲ့။

ဒါနဲ့ တစ်နေရာရောက်တော့ မျက်လုံးပြာပြာ ဆံပင်ရွှေရောင်နဲ့ လူတစ်ယောက်နဲ့ တိုးပါလေရော။ သူက မျက်နှာမသာမယာနဲ့။

"အမှုက မပြတ်သေးဘူးဗျာ" တဲ့။

"ဒဏ်ငွေတော့ ဆောင်ရမှာပေါ့" တဲ့။

စုံနံ့သာမြို့က လာကြတဲ့ တိရစ္ဆာန်တွေက ဘာမှုများလဲတဲ့၊ မေးလာပါရဲ့။

"တိရစ္ဆာန်ကို ညှဉ်းဆဲတဲ့ အမှုဗျာ... သူ့အိမ်က မွေးထားတဲ့ ခွေးလေးကို ရိုက်လို့... ရဲက သိပြီး တရားစွဲထားတာ" လို့။

ဖွတ်ကျားရယ်၊ ဝံပုလွေရယ်၊ တောကြောင်ကြီးရယ်ဟာ ပါးစပ်ကြီးတွေ အပိုင်းသားနဲ့ ဂျက်ကို ကြည့်လို့။ ကိုယ့်အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်ပေမယ့် လုပ်ချင်တိုင်း လုပ်လို့ မရဘူးဆိုတဲ့ လူယဉ်ကျေးတို့ကမ္ဘာကို အံ့အားသင့်နေတဲ့ပုံ ခင်ဗျ။

## (လေး)

ဂျက်က ဘယ့်နှယ့် လူ့ကမ္ဘာရောက် တိရစ္ဆာန်တွေ ဘယ်လိုနေကြထိုင်ကြရတယ်ဆိုတာကို တောမှာ ပြန်ပြီး ဖောက်သည်ချကြဦးမှာပေါ့လို့

mgyoe.com

mgyoe.com


စကားနဲ့ တီးခေါက်ကြည့်မိပါရဲ့။


ဖွတ်ကျားရော၊ ဝံပုလွေရော၊ တောကြောင်ရောက ဘာပြောတယ် ထင်တုံး။ အတတ်နိုင်ဆုံး ဖုံးအုပ်ထားမှ ဖြစ်မှာပါဆရာကြီးဂျက်ရာတဲ့။ တိရစ္ဆာန်တွေ မျက်စိပွင့် နားပွင့် ဖြစ်ကုန်မှဖြင့် တဲ့။

ဩော်... အပါယ်လေးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ တိရစ္ဆာန် လောကကြီးရှိရာ စုံနံ့သာမြိုင်ဆီ ပြန်သွားကြတဲ့ လေ့လာသူတိရစ္ဆာန် သုံး ကောင်ရဲ့ ကျောပြင်ကြီးတွေကို လှမ်းကြည့်မိတော့ တောအဝင်ဟာ မှောင် မိုက်မြဲ မှောင်မိုက်လို့နေဆဲ။ ။

❑

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## စုံနံ့သာမြိုင်၌ မော်တော်ကားစီးခြင်း

### (တစ်)

တိရစ္ဆာန်တွေရဲ့ လောကကြီးကဖြင့် ဘက်ပေါင်းစုံကကို နိမ့်ကျလို့နေတော့တာပါ။ တိရစ္ဆာန်တို့ရဲ့ ဝင်ငွေက အဝိစိတဲ့ခင်ဗျ။ တိရစ္ဆာန်တို့ရဲ့ ပညာရေးက ဟိုးသမုဒ္ဒရာကြမ်းပြင်။ တိရစ္ဆာန်တို့ရဲ့ သက်တမ်းက ဓောက်ထိုးမိုးမျှော်။ တိရစ္ဆာန်တို့ရဲ့အားကစားက ဓားမနောက်ပိတ်ခွေး။ တိရစ္ဆာန်တို့ရဲ့ အနုပညာက နတ္ထိသုည။

ကြာပေါ့။ ကြာခဲ့လှပါပေါ့။ မြေခွေးကြီးက ဦးဆောင်ကာ သူ့အကောင်တစ်စုတို့နဲ့ စုံနံ့သာမြိုင်ဆိုတဲ့ တောကြီးကို ညဏ်မပါဘဲနဲ့ ထုဆစ်ပုံဖော်လိုက်ကြတာ ယောအခုတော့ဖြင့် လူတွေပေးတဲ့နာမည်ကလေးတစ်လုံးနဲ့ တင့်တယ်လို့။

LDJ တဲ့ ခင်ဗျ။

အဲ... တိရစ္ဆာန်အများစုက အင်္ဂလိပ်စာလုံးပါရင် ရွံ့ချင်တွန့်ချင်တဲ့ စိတ်အခံရှိတာမို့ စုံနံ့သာမြိုင်တောကြီးကို LDJ အဖြစ် သတ်မှတ်လိုက်ကြောင်း စာရင်းထွက်လာတဲ့အခါ ထပြီးကကြခုန်ကြသေးတာတဲ့ခင်ဗျ။ ငါတို့ တိရစ္ဆာန်တွေကို ဘာထင်လို့တုံး၊ ဘာမှတ်နေသတုံး။ ငါတို့က LDJ မှတ်ထားဆိုတဲ့ ဇာတိမာန်ကလေးတွေနဲ့ပေါ့။

mgyoe.com

mgyoe.com


နောက်မှ အင်္ဂလိပ်လိုနည်းနည်းရတဲ့ နွားကြီးတစ်ကောင်က မြို့က လူတစ်ယောက်ဆီမှာ လှည်းသွားဆွဲဖူးတာကြောင့် မျက်စိကလေး၊ နား ကလေးနည်းနည်းကြီးသူ အဲသည် နွားကြီးတစ်ကောင်က LDJ ရဲ့ အဓိပ္ပာယ် ဗျူပွတ်ကို ရှင်းပြလိုက်တော့မှ တစ်တောလုံး နည်းနည်းငြိမ်သွားခဲ့တာပါ။

L က Least ကို ဆိုလိုတာဟ။ အနည်းဆုံးဆိုတဲ့ အဓိပ္ပာယ်။ D က Development ကို ဆိုလိုတာဟ။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့ အဓိပ္ပာယ်။ J က Jungle ကို ဆိုလိုတာဟ။ တောဆိုတဲ့ အဓိပ္ပာယ်။ အဲသဟာကြောင့် လူတွေက တို့တောကြီးကို ခေါ်ခေါ်နေတဲ့ LDJ ဆိုတာဟာ Least Developed Jungle အလွန်တရာအောက်ကျနောက်ကျဖြစ်တဲ့ တောဂနိုင်မြိုင် ဆိုတဲ့ အဓိပ္ပာယ်ဟလို့ နွားကြီးက ရှင်းပြလိုက်တဲ့အခါ ဘုမသိ ဘမသိ နည်းနည်းကလေး ကြွနေတဲ့ တိရစ္ဆာန်တချို့ရဲ့ ဖနောင့်ကလေးတွေ အောက် ပြန်ကျသွားခဲ့ကြတာပါ။

LDJ ဆိုတာ ဂုဏ်ယူစရာ မဟုတ်။ ရှက်စရာတဲ့။ ကဲ... မှတ်ကရော။

(နှစ်)

သို့ကလို အောက်တန်းနောက်တန်း အလွန်ကျနေတဲ့ တိရစ္ဆာန်တို့ရဲ့ လောကကြီးထဲမှာ တိရစ္ဆာန်ထုကြီးက အလွန်အင်မတန်ဆင်းရဲကြလင့်ကစား ကျိုကျိုတက်အောင် ချမ်းသာနေတဲ့ တိရစ္ဆာန်တစ်စုကလည်း ဂနိုင့်ကျက်သရေ တော်ဆောင်အဖြစ် ရှိကြပါလေရဲ့။

အဲသဟာ အဘယ်အကောင်တွေတုံးလို့တော့ဖြင့် မေးမနေပါနဲ့တော့။ မြေခွေးပေါ့။ ခြသေ့ပေါ့။ ကျားပေါ့။ ကျားသစ်ပေါ့။ ဝံပုလွေပေါ့။ ဆင်ပေါ့။

အစွယ်နဲ့ အဆိပ်ကို အားကိုးအားထားပြုပြီးတဲ့ သကာလ တောကို ကုလားဖန်ထိုးလို့ စိုးမိုးအုပ်ချုပ်ခဲ့ကြတဲ့ အနှီသတ္တဝါတစ်စုက ကြွယ်ပိုး ကြွယ်ဝကြီးတွေ ဖြစ်လာကြတဲ့အခါ ဂုဏ်နဲ့ဒြပ်ကို အဟုန်တလျှပ်လျှပ် ဖြစ် စေဖို့ရာအတွက် ကားကောင်းကောင်းစီးလိုလှတယ် ဆိုလား။

"ဆရာကြီးဂျက်ရေ ကျုပ်တို့တစ်သိုက် ကားရှာမလားလို့"

"လုပ်ပြီ။ အဆွေမြေခွေးက Show Room တွေ ဗွက်ပေါက်နေတဲ့

mgyoe.com

mgyoe.com


ဥစ္စာ ကြိုက်တာဝယ်စီး (ဒါမှမဟုတ်) ကိုယ်ကြိုက်တာကို ကိုယ်လှမ်းမှာ ခိုင်း၊ ဒါလေးများ"

ဂျက်က အနီ့ကလိုဖြေတော့ မြေခွေးက ပြုံးပါတယ်။ အို... သူ တစ်ကောင်တည်း မဟုတ်ဘူးခင်ဗျ။ သူ့အပါးခ, ကာ သူ့နားက အမှုတော် ထမ်းနေကြတဲ့ အကောင်တွေကပါ အကုန်လုံးပြုံးနေကြတာပါ။ ခြသေ့်၊ ကျား၊ ကျားသစ်၊ ဝံပုလွေ၊ ဆင် အပြုံးကိုယ်စီဆင်လို့။

"ဆရာကြီးဂျက် ရိုးရိုက်ကို ကြားဖူးတယ် မဟုတ်လား" တဲ့။

မြတ်စွာဘုရား။ ငါးကြင်းခေါင်းကို တက်ကိုင်တော့တာပါကလား။ Roll Royce တဲ့။ Charles Stewart Rolls နဲ့ Frederick Henry Royce တို့ ၁၉၀၄ ခုနှစ်က တည်ထောင်ခဲ့တဲ့ ကမ္ဘာကျော် ရိုးရိုက်မော်တော်ကားကိုမှ စုံနံ့သာမြိုင်က တိရစ္ဆာန်တစ်စုက ချင်ခြင်းတပ်တော်မူပါလေသတဲ့။ ဂုဏ် သရေရှိလူကြီးလူကောင်းတွေစီးတယ်ဆိုတဲ့ ဗြိတိသျှမော်တော်ကားနဲ့ စုံနံ့သာ မြိုင်က တိရစ္ဆာန်တစ်သိုက်။

"အဲသည့်အနီ ရိုးရိုက်က ဘယ့်နှာသို့တုံး ဂျက်ဆရာရဲ့"

"ဩော်... ကမ္ဘာကျော်ပေါ့ဗျာ။ ကားပိုင်ရှင်ရဲ့ နာမည်ကို ရွှေပြားပေါ် မှာရေးပြီး အင်ဂျင်ပေါ်မှာ ကပ်ထားတာ။ ဥပမာ မစ္စတာမြေခွေး၊ မစ္စတာ ခြသေ့်၊ မစ္စတာ ဝံပုလွေဆိုတာမျိုးပေါ့"

ကြိုက်သဗျာဆိုတဲ့ ပြိုင်တူထွက်လာတဲ့ ကောက်ချက်ချသံနဲ့အတူ တိရစ္ဆာန်ကြီးတစ်စုရဲ့ သွားကြီးတွေက ဖြဲလို့ပေါ့။

"အဲ... ကားပျက်တဲ့အခါ Rolls Royce ရဲ့ အင်ဂျင်နီယာတွေက လေယာဉ်ကို စင်းလုံးငှားပြီး အရောက်လာပြင်ပေးတာ"

သဘောကျ သကွာဆိုတဲ့ အသံကလည်း ပြိုင်တူပဲပေါ့။ တိရစ္ဆာန်ကြီး တစ်စုရဲ့ မျက်နှာထားကြီးတွေက ဝင်းလို့ပေါ့။

"ရှိသေးတယ်။ ကားဒီဇိုင်းတစ်စီးနဲ့တစ်စီးရဲ့ ဒီဇိုင်းက သိုးကာသီကာ နည်းနည်းကလေးကွာသဗျ။ သေချာကြည့်ရင်မတူချေဘူး"

ဟိတ်... Rolls Royce ဆိုမှ Rolls Royce ဆိုတဲ့ အသံတွေဟာ တစ်တောလုံးဆင်းရဲပြီး ကိုက်ရဲခဲရဲတဲ့ အကောင်တစ်စု ချမ်းသာနေတဲ့ တောကြီးထဲမှာ တောဦးသျှောင်တစ်သိုက်ရဲ့ နှုတ်ဖျားကနေ ပြိုင်တူဆိုသလို

mgyoe.com

mgyoe.com


ထွက်ကျလာခဲ့ပါလေရဲ့။

အနို့သော်...

(သုံး)

အဲသည့် အနို့သော်က တိရစ္ဆာန်တွေရဲ့ကြားမှာ သော့ချက်စကားဖြစ်သွားခဲ့ရပါလေတယ်ခင်ဗျ။

"အနို့သော်တဲ့ ဘဇာအနို့သော်တုံး ဂျက်ဆရာရယ်။ ကျုပ်တို့တိရစ္ဆာန်ဦးသျှောင်တစ်စုမှာ အသပြာရှိသဗျာ။ ခုနက ပြောခဲ့တဲ့ ရိုးရိုက်ဆိုတာကိုမှာပြီးစီးမယ်ဗျာ။ အဲဒါ ဘယ့်နှာကြောင့် အနို့သော်ချေရလေသတုံးဗျာ"

တိရစ္ဆာန်ငတိတို့က တိရစ္ဆာန်အသိနဲ့ ပြောတာကို ဂျက်ဆရာသည်းခံရချေသဗျ။ ပြီးမှ စိတ်အေးအေးနဲ့ ရှင်းရတာပါ။

ဟုတ်တယ်လေ။ Rolls Royce က ပိုက်ဆံရှိတိုင်း ဝယ်စီးလို့ရတာမျိုးမှ မဟုတ်တာ။ အဲသည့်ပိုက်ဆံဘယ်လိုရလာသတုံး ဆိုတာကိုလည်း အသေအချာ စိစစ်သေးတဲ့ဥစ္စာ။

ချဲဒိုင်ချုပ်လုပ်ပြီး ရလာတဲ့ ပိုက်ဆံတွေနဲ့ ရိုးရိုက်ကို ဝယ်လို့ မရ။ ဘိန်းရောင်းပြီး ရလာတဲ့ ပိုက်ဆံတွေနဲ့ ရိုးရိုက်ကို ဝယ်လို့မရ။ စားပြတိုက်ပြီး ရလာတဲ့ ပိုက်ဆံတွေနဲ့ ရိုးရိုက်ကို ဝယ်လို့မရ။

"အဆွေတိရစ္ဆာန်တို့ ပိုက်ဆံတွေ အဘယ်သို့ ရလာသတုံးဆိုတာကိုတော့ ဖော်ပြဖို့ လိုသဗျ"

"ဟောဗျာ.. ကိုယ့်အိတ်ထဲက ပိုက်ဆံ... ကိုယ်ဘယ်လိုရရပေါ့"

တိရစ္ဆာန်ကြီးတွေ ခံပြင်းသွားကြတဲ့ပုံပါ။

မြေခွေးက သူ့ဦးသျှောင်ဘဝနေ့ရက်တွေမှာ သမိးသုံးကောင်ကို မင်္ဂလာဆောင်ပစ်လိုက်လေရဲ့။ အကြီးမ နှစ်ကောင်က သူ ဦးသျှောင်မဖြစ်မီ မင်္ဂလာဆောင်ခဲ့ပြီး ဖြစ်ပေမယ့် ဒုတိယအကြိမ် ထပ်ဆောင်ကြတာပါ။ အငယ်ဆုံးအကောင်ကတော့ အသစ်စက်စက်ဆောင်တဲ့ မင်္ဂလာဆောင်ပဲပေါ့။ တစ်တောလုံးလာပြီး လက်ဖွဲ့တော်မူကြရတဲ့ မင်္ဂလာဆောင်တွေပါ။ ဘယ်လက်ဖွဲ့က ဘယ်အကောင်ဆိုတာ မှတ်တမ်းအတိအကျနဲ့ ရေးသွင်း

mgyoe.com

mgyoe.com


စာရင်းပြုစုထားရလေသတဲ့။ အဲသည့် မင်္ဂလာပွဲတွေအပြီးမှာ ဝုန်းဆို မြေခွေးတို့ စီးပွားတက်သွား ရတယ်ဆိုလား။

ခြသေ့်ကတော့ သူ့ဂူအပေါက်ဝနားမှာ ခါးထောက်ရပ်ကာ ဟိုးမျက်စိတစ်ဆုံးဆီက လက်ပံတောကို လှမ်းပြပြီး သည်နေရာကနေ အဲသည့်နေရာအထိ ငါယူသကွာ၊ စက်မှုဇုန်လုပ်မကွာလို့ ဆိုပြီးတဲ့နောက်ပိုင်းမှာ အုန်းဆို စီးပွားတက်သွားရတယ်ဆိုလား။

ကျားက ကျတော့ တိရစ္ဆာန်ဆက်သွယ်ရေးကို တာဝန်ယူတာ။ အသပြာထောင့်ငါးရာလောက် တန်တဲ့ ဆင်းမ် (SIM) ကတ်တွေကို လူတွေဆီကဝယ်လာပြီး ဘာမသိ ညာမသိ တိရစ္ဆာန်ကလေးတွေကို သိန်းနှစ်ဆယ်၊ သုံးဆယ်နဲ့ ဖြန့်တာ။ အဲသည့် နောက်ပိုင်းကျားတို့ ထုန်းခနဲ စီးပွားတက်သွားရတယ်ဆိုလား။ ထား။

အနို့နှယ်သို့နှယ် နည်းလမ်းအသွယ်သွယ်နဲ့ စီးပွားဖြစ်သူ တိရစ္ဆာန်ကြီးများ Rolls Royce ကားဝယ်စီးဖို့ရာ ပိုက်ဆံကို ဂုဏ်ရှိရှိ ဘယ်သို့ရှာခဲ့ကြောင်း ဘယ်လိုလုပ်ကြမှာပါလိမ့်။

"အိုကွာ... ကားဆိုတာ ဘီးတွေလိမ့်ပြီး လမ်းပေါ်မှာ သွားနေကြတာချည်းပါပဲ။ ကိုယ်ဝယ်လို့မှ သူမရောင်းရင် ညောင်းပေါ့။ စီးစရာကားတွေမှ အပုံ"

မြေခွေးစကားက မှန်ပါတယ်။ စီးစရာကားတွေ အများကြီးပါ။ တိရစ္ဆာန်ပေမယ့် မာနနဲ့ ခင်ဗျ။ မရောင်းတော့ မစီးရုံပေါ့။

အခုအထိ Rolls Royce ပေါ်မှာ တိရစ္ဆာန်တစ်ကောင်မှ မတွေ့ဖူးသေးဘူး။ ။

❑

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## အိပ်မက်ကိုယ်စီ မက်ကြသည်

### (တစ်)

What is dream?

ကဲ... မှတ်ကရော။ အဲဒါ ဂျက်ကွမ်းခြံကုန်း မကြာခဏဆိုသလို အဖြေရှာရှာပြီးနေမိတဲ့ မသေချာတဲ့ မေးခွန်းကြီးကို ချရေးထည့်ခဲ့လိုက်မိလေတာပေါ့။ ဂျက်က အင်္ဂလိပ်လို စဉ်းစားလေ့ရှိသူ ဆိုတော့ကာ အများပြည်သူလူထုများအလို့ငှာ မြန်မာဘာသာသို့ ပြန်ဆိုပေးပါရစေငဲ့။

"အိပ်မက်ဟူသည် ဘဇာတုံး" ပေါ့။ ဟုတ်ဘူးလား။ နဂိုမူလမဆွကတည်းမှာကိုက အက်ဘဇွက် (abs'tract) ဆန်လှတဲ့ စကားလုံး။ ထိမရကိုင်မရတဲ့ စိတ္တဇနာမ်။ ရှင်းရတာခက်ပေါ့။

အဲ... အနီးစပ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုထားတာကတော့ အိပ်နေသောအခါမှာ မက်လေ့ရှိတဲ့အတွက် အိပ်မက်တဲ့။ အဓိပ္ပာယ်ဖွင့်ဆိုပုံကြီးက နည်းနည်းလူလည်ကျသလိုလိုပဲ။

ဆောင်းအိပ်မက်ဆိုတဲ့ ရုပ်ရှင်ဇာတ်ထုပ်တစ်ထုပ်ကြည့်ခဲ့ဖူးတယ်။ နည်းနည်းဝိုးတဝါးနိုင်တဲ့ အနက်အဓိပ္ပာယ်ပေပေါ့။ ညဥ့်လယ်အိပ်မက်ကျတော့ကော။ ချောက်ချားစရာကြီးလိုလို၊ ဘာလိုလို။ အအ, အိပ်မက်ကျတော့ စိတ်မချင့်မရဲဖြစ်စရာ။ ဘာမှလည်း ပြန်မပြောတတ်။ ထား။

mgyoe.com

mgyoe.com


အခု... အဲသည့် ဘာရယ်လို့ တိတိကျကျ လာဆုပ်လက်ကိုင်မပြနိုင်တဲ့ အိပ်မက်ကိုမှ ဂျက်ကွမ်းခြံကုန်းက စိတ်ဝင်တစားဖြစ်လို့နေခဲ့ရပြန်တာပါ။

လူတွေ... လူတွေ။ အဲ... စကားပြောနည်းနည်း လောကြီးသွားလို့။ သတ္တဝါတွေ၊ သတ္တဝါတွေ။ အိပ်မက်တွေ မက်လိုက်ကြတာ။

## (နှစ်)

ဟောဗျု။ နယ်လ်ဆင်မန်ဒဲလားကလည်း အိပ်မက် မက်လေသတဲ့။ တောင်အာဖရိက လူမည်းခေါင်းဆောင်သမ္မတကြီး Nelson Mandela ကို သတ္တဝါအနန္တသိလွန်းလှသပေါ့။ အဲ... အခု သူက အိပ်မက် မက်တဲ့အကြောင်း ဂျက်က ဘုတ်အုပ်ထဲမှာ ဖတ်ခွင့်ရတာ။

I dream of an Africa Which is in peace wih itself... တဲ့။

အာဖရိကဟာ သူကိုယ်တိုင်လည်း ငြိမ်းချမ်းပြီး ငြိမ်းချမ်းမှုထဲမှာ ရှိနေစေချင်တဲ့ အိပ်မက်၊ အဲသည့် အိပ်မက်ကို သူမက်နေတယ်တဲ့။

ဂျက် ကြိုက်သဗျာ။ ငြိမ်းချမ်းဖို့ အိပ်မက်မက်တာ ကောင်းတဲ့ လက္ခဏာပဲ ဥစ္စာ။ ရှိသေးတယ်။ နယ်လ်ဆင်မန်ဒဲလားရဲ့နောက်ဆက်တွဲ အိပ်မက်တွေ။

Education is the most powerful weapon which you can use to change the world ... တဲ့။

ကမ္ဘာကြီးကို ပြောင်းလဲဖို့အတွက် အားအကောင်းဆုံးလက်နက်က ပညာတဲ့။ အဲသဟာက နယ်လ်ဆင်မန်ဒဲလားရဲ့ လွှတ်လှတဲ့ နောက်ဆက်တွဲ အိပ်မက်တွေပေါ့။ ကြိုက်တယ်။

အဲ... ဘုတ်အုပ်ထဲမှာ ဖတ်ရတဲ့ နောက်လူကြီးတစ်ယောက်ရဲ့ အိပ်မက်ရှိသေးတယ်။

ဘယ်သူရှိရမှာတုံး။ လီကွမ်ယုပေါ့။ စင်ကာပူကို ထိပ်သီးနိုင်ငံဖြစ်အောင် လုပ်တဲ့ Lee Kuan Yew လေ။ သူကလည်း အိပ်မက်မက်သဗျ။

ဘုတ်အုပ်ထဲမှာ တွေ့တာကလေး ခပ်တည်တည်ကူးထည့်ပြီး ကမ္ဘာကြီးအတွက် ဆရာကြီး ဂျက်လုပ်ပါရစေ။

mgyoe.com

mgyoe.com


Lee Kuan Yew dreams of a singapore that is a place for all life... တဲ့ ခင်ဗျ။ သူ့အိပ်မက်က စင်ကာပူဆိုတာ အားလုံးအတွက် နားခိုရာပါတဲ့။ That is not a Malay Nation. That is not a Chinese Nation. That is not a India Nation... တဲ့။ ကဲ။

စင်ကာပူဟာ မလေးမဟုတ်။ တရုတ်မဟုတ်။ ကုလားမဟုတ်။ နိုင်ငံသားအားလုံးအတွက် နိုင်ငံ။ လီကွမ်ယုအိပ်မက်။ ဂျက် ကြိုက်သဗျ။

ဩော်... မေ့ဦးတော့ မလို့။ ဒေါက်တာ မာတင်လူသာကင်း (အငယ်) ရဲ့ အိပ်မက်။ အမေရိကန်က လူမည်းအခွင့်အရေးခေါင်းဆောင် Dr. Martin Luttner King, Jrကို သတ္တဝါအနန္တသိပုံ ရပါသဗျ။ အသံတိတ်ပစ်ခတ်ပြီး အသတ်ခံခဲ့ရရှာတဲ့ ပုဂ္ဂိုလ်လေ။

I have a dream တဲ့သူက။ ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိတယ်တဲ့ သူက။ All man are created equal တဲ့။ လူအားလုံး ညီတူ မျှတူ ဖန်တီးအထားခံရတဲ့ နိုင်ငံတဲ့သူက။ I have a dream that my four children will one day live in a nation where they will not be judged by the color of their skin but by the content of their character ... တဲ့။

တစ်နေ့မှာ သူ့ကလေးလေးယောက်ဟာ အသားအရောင်ကြောင့် တရားအစီရင်ခံရတာ မဟုတ်ဘဲ သူတို့ကျူးလွန်တဲ့ အမှုကိစ္စကြောင့်သာ တရားအစီရင်ခံရတဲ့ နိုင်ငံမျိုးမှာ နေတဲ့ ကလေးတွေ ဖြစ်လာဖို့ အိပ်မက် သူ့မှာ ရှိပါသတဲ့။

ကြိုက်သဗျ။ အနို့ကလို သို့ကလို အိပ်မက်တွေကို ဂျက်စိတ်ထဲမှာ ထိသွားငြိသွားခဲ့ရတာပါ။

ဒါနဲ့ တစ်နေ့တော့ အိပ်မက်တွေအကြောင်း သွေရာလေးပါး စဉ်းစားရင်းက ဖျတ်ခနဲဆိုသလို စုံနံ့သာမြိုင်က ရဲဘော်တိရစ္ဆာန်ကြီးတွေဆီမှာကော အိပ်မက်တွေ ဘာတွေ ရှိပါစလို့ အတွေးရောက်သွားမိပါလေရော။

"အင်း... တောဘက်ကို သွားပြီး... အကဲခတ်ဦးမှ"

ဂျက်ဆရာ စုံနံ့သာမြိုင်တောကြီးရှိရာဆီ ခရီးနှင်ခဲ့မိတယ်ဆိုပါတော့။

mgyoe.com

mgyoe.com


## (သုံး)

ဟောဗျ။ တိရစ္ဆာန်ပေါင်းစုံအုံခဲလို့ပါကလား။ ရေထွက်ကလေးတစ်ခုရဲ့ နံဘေးနားဆီမှာ ခင်ဗျ။ ကျောက်နံရံကြီးတစ်ခုရဲ့ နည်းနည်းကလေးအက်နေတဲ့ နေရာကနေ စိမ့်စမ်းရေကလေးတွေက တပြွတ်ပြွတ် ပန်းထွက်လို့။ အဲသည့်ရေထွက်ကလေးဘေးနားက ကျောက်နံရံမှာ သဘာဝအတိုင်း ပေါက်နေတဲ့ တောပန်းတောင်ပန်းကလေးတွေက ပွင့်လို့။

ပတ်ဝန်းကျင်တစ်ခုလုံးမှာကဖြင့် အုန်းပွဲတွေ၊ ငှက်ပျော်ပွဲတွေက ဗရပွ။ ဖယောင်းတိုင်တွေ ဖယောင်းတိုင်တွေကလည်း ပုပုရှည်ရှည်၊ ပိန်ပိန်ဝဝ အပြိုင်ထွန်းလို့။ အမွှေးတိုင်ကိုယ်စီက ထွက်လာတဲ့ရနံ့တွေက မူးမူးဝေဝေ အော်ဂလီဆန်စရာ။ တံခွန်တွေ၊ ကုက္ကားတွေ၊ မုလေးပွားတွေကလည်း ရှုပ်ရှုပ်ပွပွ။

"အိပ်မက်အရ

အိပ်မက်အရ

အိပ်မက်အရ" တဲ့။

သို့ကလို သုံးကြိမ်ဆင့်အော်လိုက်တဲ့အသံရှင်ရှိရာဆီကို လှမ်းကြည့်တော့ ဝံပုလွေ။ ယောဂီရောင်စုံကြီးပတ်လို့။ တောင်ဝှေးတစ်ချောင်းကို ကိုင်လို့။ ပါးစပ်က တဖွဖွရွတ်ဆိုမန်းမှုတ်လို့။

"လွန်လေပြီးသော ရှေးသရောအခါက ဟောသည့်တောထဲက နွားကလေးတစ်ကောင်ဟာ ခေါင်းလောင်းကလေးတစ်လုံးကို ကောက်ရပြီး လည်ပင်းမှာ ဆွဲထားခဲ့ဖူးတယ်... အဲသည့် ခေါင်းလောင်းကလေးမြည်တဲ့အချိန်က စလို့ စုံနံ့သာမြိုင်ဟာ လွန်စွာအေးချမ်းဖွံ့ဖြိုးခဲ့တယ်ဆိုပဲ... နောက်တော့ ရေခဲချောင်းရောင်းတဲ့ လူတစ်ယောက် တောထဲကို ရောက်လာပြီးတဲ့ သကာလ နွားလည်ပင်းက ခေါင်းလောင်းကို ခိုးဖြုတ်ယူသွားပြီးအပြန်မှာ တောနဲ့ လူ့ရွာကြားက မြစ်ထဲပြုတ်အကျ... ဆင်းဆယ်ရာက အနိစ္စရောက်ရလေသတဲ့.... ယခု ကျွန်ုပ်၏အိပ်မက်အရ နွားကလေးကောက်ရသည့် ခေါင်းလောင်း၏ပိုင်ရှင်အမှန်မှာ ရေစောင့်နဂါးဖြစ်ပါသတဲ့... ခိုးသွားသူ လူသားထံမှ ရေစောင့်နဂါးက ပြန်ယူထားခြင်းဖြစ်ပါသတဲ့... ယခု... တောကို ပြန်ပေး

mgyoe.com

mgyoe.com


ရန် အချိန်တန်ပြီဖြစ်၍ ပန်းရေချမ်းဆီမီးပွဲထိုးပြီး တောင်းဆိုပါက နဂါးမင်းက... ဟောသည့်ကျောက်နံရံကိုဖောက်ကာ ရေထွက်ပေါက်မှတစ်ဆင့် ခေါင်းလောင်းကို ပြန်ပေးလိုကြောင်း အိပ်မက်ရပါတယ်... အိပ်မက်အရ သုံးလတိုင်တိုင် ပူဇော်ပသကြပါစို့... ခေါင်းလောင်းရတဲ့အခါ တိရစ္ဆာန်လောကကောင်းကင်တမွတ်ကြယ်ကို ဆွတ်မယ့်နေ့ ဖြစ်ကြောင်းပါ"

အိပ်မက်အရ ခေါင်းလောင်းကလေးထွက်လာမယ်ဆိုတဲ့ ရေထွက်ကလေးရဲ့ ပတ်ဝန်းကျင်မှာ တိရစ္ဆာန်တွေ ရုံးရုံးရုံးရုံးဖြစ်နေခဲ့တာ ကြာပြီဆိုလား။

"ဟိုတစ်ခါ တောကြောင်ကြီး အိပ်မက်မက်တုန်းက ကျွဲလူးအိုင်ကြီးထဲမှာဗျ။ ရေကုန်အောင် စုပ်ပြီး ရှာတာ တွေ့ပါဘူး"

## (လေး)

နယ်လ်ဆင်မန်ဒဲလားရဲ့ အိပ်မက်၊ လီကွမ်ယုရဲ့ အိပ်မက်၊ မာတင်လူသာကင်းရဲ့ အိပ်မက်၊ အနို့အပြင် ဂန္ဒီအိပ်မက်၊ မာသာထရီဆာအိပ်မက်စတဲ့ အိပ်မက်တွေရဲ့ နောက်မှာ တိရစ္ဆာန်တွေရဲ့ အိပ်မက်အရောက် ဂျက်ကွမ်းခြံကုန်းခေါင်းနောက်ခဲ့ရပါကြောင်း။ ။

❑

mgyoe.com

mgyoe.com



# တိရစ္ဆာန်များထံက
# တင်ခါက်
# ကြပါသည်

mgyoe.com

mgyoe.com

## တိရစ္ဆာန်များက တင်ဆက်ကြပါသည်

### (တစ်)

တစ်မျိုးတော့ တစ်မျိုးကြီးပဲဗျ။ ဂျက်တို့နဲ့ အလွန်အင်မတန်ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်တဲ့ ဇာတ်လမ်းက ခုကျမှ တစ်မူကွဲပြားနေပါပေါ့လားလို့ အထင်ရောက်မိပါရဲ့။

အဓိက ဇာလိုက်တစ်ဦးက စူဠသုဘဒ္ဒါ။ နောက်တစ်ဦးက မဟာသုဘဒ္ဒါ။ အနို့အပြင် နောက်တစ်ဦးက ဆဒ္ဒန်ဆင်မင်း။ ဘုတ်အုပ်တွေထဲမှာလည်း ဖတ်ဖူးခဲ့ပါရဲ့။ ရုပ်သေတွေ၊ ရုပ်ရှင်တွေထဲမှာလည်း ကြည့်ဖူးခဲ့ပါရဲ့။ မယားနှစ်ဦးကို အင်ကြင်းခိုင်ကလေးတွေ ပေးတဲ့အခါ စူဠသုဘဒ္ဒါရဲ့ အင်ကြင်းခိုင်ထဲမှာ ခါချဉ်တွေပါသွားရာက ဒါဟာဖြင့် မိဖုရားအကြီး မဟာသုဘဒ္ဒါရဲ့ရှေ့မှာ ငါ့ကို အရှက်ခွဲတာပါက လားရယ်လို့ ဘဝင်အသည်းနာနာနဲ့ အထင်လွဲကာ ရင်ကွဲစွာ အနိစ္စရောက်သွားခဲ့ရာက နောက်တစ်ဘဝ လူပြန်အဖြစ်မှာ ဆဒ္ဒန်ဆင်မင်းကို လက်စားချေတဲ့ဇာတ်။

သုဘဒ္ဒါဆိုတဲ့ နာမည်နဲ့ ဘုရင့်မိန်းမဖြစ်လာတဲ့အခါ ယခင်အကြောင်း တစ်ခေတ်ဆီက လင်အဟောင်းဖြစ်ခဲ့သူ ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကိုမှ နားကပ်လုပ်ကာ ပန်လိုပါကြောင်း ပူဆာရာက သောနုတ္တရမုဆိုးတစ်ယောက် ဆင်ကို သတ်လို့ အစွယ်ကို ဖြတ်ဖို့ရာ ထွက်လာခဲ့ရတဲ့ ဇာတ်။ ဆင်ကြီးက ချစ်သူဟောင်းရဲ့ အမုန်းကြွေးတွေကို အရှုံးပေးပါတယ်ဗျာလို့ နှလုံးဆွေးဆွေး

mgyoe.com

mgyoe.com


နဲ့ လုစ်ဟကာအစွယ်ကို ကိုယ်တိုင်ဖြုတ်လို့ ပေးအပ်လိုက်တဲ့ဇာတ်။

အဲသဟာကို ဘုတ်အုပ်ထဲမှာ ပဲ ဖတ်ဖတ်၊ ကဇာတ်၊ ပြဇာတ်ထဲမှာပဲ ရှုစားရှုစား ဆရာကြီးဂျက်တို့ မျက်ရည်ပေါက်ပေါက် ကျခဲ့မိတာချည်းပါကလား။

ဟော... ယင်းငှင်းအနိဇာတ်က ခုတော့မှ တစ်မျိုးကြီးပြန်ဖြစ်နေတော့လေတာ။ ဆဒ္ဒန်ဆင်မင်းက သုဘဒ္ဒါကို သတ်မလို့ဆိုလား။

## (နှစ်)

အဲဒါ... စုံနံ့သာမြိုင်က တိရစ္ဆာန်တွေ ရှုစားဖို့ရာ အပါယ်လေးပါး ဇာတ်ရုံကြီးထဲမှာ ကပြအသုံးတော်ခံဖို့ ဇာတ်တိုက်နေကြတဲ့ တောပြဇာတ်တဲ့ခင်ဗျ။ အင်္ဂလိပ်လိုပြောရရင် ရီဟာဇယ် (Rehearsal)လုပ်နေကြတယ်ဆိုပါတော့။ အဲသမှာ ဂျက်တစ်ယောက် ဆရာအနေနဲ့ တက်ရောက်ကာ ကြည့်ရှုအကဲခတ်ပြီး ဝေဖန်အကြံပြုပါလှည့်လို့ဆိုတာကြောင့် အပါယ်လေးပါးဇာတ်ရုံထဲကို ရောက်နေခဲ့ရတာပါ။

"အဆွေတို့ ဇာတ်ထုပ်က နည်းနည်းတော့ လွဲနေပြီနော်"

အဲဒါ ဂျက်မနေနိုင်ဘဲ ပြောမိတဲ့ စကားပေါ့။ ကြည့်။ ဆဒ္ဒန်ဆင်မင်းက ခါးကြားမှာ သေနတ်တစ်လက်ကိုထိုးလို့။ ပါးစပ်ထဲမှာက အငွေ့တလူလူထွက်နေတဲ့ စီးကရက်တစ်လိပ်။

"ဟားဟား... ဆဒ္ဒန်ကို အပြတ်နှံလို့ရမယ် ထင်နေတယ်... သောနုတ္တရဆိုတဲ့ မုဆိုးရောက်လာရင် မင်းတို့ နင်းသတ်လိုက်ကြ။ ငါကတော့ နန်းတော်အရောက် သွားမယ် လင်ရော မယားရော အပြတ်ရှင်းမယ်။"

ဆင်အုပ်ကြီးရဲ့အလယ်မှာ ကြမ်းရမ်းနေတဲ့ ဆဒ္ဒန်ဆင်မင်းရဲ့ သရုပ်ဆောင်ချက်။ အထောက်တော်တစ်ဦးရဲ့ သတင်းပို့ချက်အရ သုဘဒ္ဒါမိဖုရားက ဘဝဟောင်းက ခင်ပွန်းဟောင်း ဆင်ကြီးကို လက်စားချေဖို့ရာ မုဆိုးကို လမ်းညွှန်နေတဲ့ သတင်းကြားသိလိုက်တာကြောင့် ကိုယ်က ဦးအောင် လက်စားချေဖို့ ဟားတိုက်ကြိမ်းမောင်းပြင်ဆင်နေတဲ့ သရုပ်ဆောင်ချက်။ အဲသဟာကြောင့် ဂျက်က တောပြဇာတ်ဟာဖြင့် နည်းနည်းတော့ လွဲနေပြီလို့

mgyoe.com